မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၃ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက် ( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက် ) } သောကြာနေ့ [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

**တာဝန်မှအနားယူခွင့်ပြုခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၁) ဖြင့် ဖွဲ့စည်းခန့်အပ်တာဝန်ပေးထားသော နိုင်ငံတော်သမ္မတ၏အကြံပေးအဖွဲ့များမှ နိုင်ငံရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာနေဇင်လတ်အား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

**အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့်ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၅) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသော အဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **အမည်/ဌာန** | **ရာထူး** | **အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်ခန့်အပ်မည့် ပြည်ထောင်စုဝန်ကြီးဌာနများ** |
|---|---|---|---|
| (က) | ဦးအောင်လင်း အာဆီယံရေးရာ ဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဦးကျော်ငွေ သမဝါယမကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | သမဝါယမဝန်ကြီးဌာန |
| (ဂ) | ဦးကျော်ဝင်း စိုက်ပျိုးရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာခင်ဇော် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ညွှန်ကြားမှုဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| (င) | ဦးဝင်းဆွေထွန်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | ပို့ဆောင်ရေးဝန်ကြီးဌာန |
| (စ) | ဦးထိန်လွင် မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်း | ဦးဆောင်ညွှန်ကြားရေးမှူး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ဆ) | ဦးဖေဇင်ထွန်း စွမ်းအင်စီမံရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | စွမ်းအင်ဝန်ကြီးဌာန |
| (ဇ) | ဒေါက်တာစိုးဝင်း အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) | ညွှန်ကြားရေးမှူးချုပ် | ပညာရေးဝန်ကြီးဌာန |
| (ဈ) | ဦးထွန်းထွန်းနိုင် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ် ကျပ်ငွေ ၂၀၀၀၀၀/- (ကျပ်နှစ်သိန်း တိတိ) ကိုလက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

## အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂၃/၂၀၁၅) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသော အဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်နှင့် ဆိုင်ရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်/ဌာန | ရာထူး | အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်ခန့်အပ်မည့် ပြည်ထောင်စုဝန်ကြီးဌာနများ |
|---|---|---|---|
| (က) | ဦးခိုင်အောင် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | သာသနာရေးဝန်ကြီးဌာန |
| (ခ) | ဦးမြင့်ကြိုင် ပြည်သူ့အင်အားဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ဂ) | ဒေါ်နန္ဒာမွှန်း သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | ယဉ်ကျေးမှုဝန်ကြီးဌာန |
| (ဃ) | ဦးမောင်မောင်ဝင်း ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | ဘဏ္ဍာရေးဝန်ကြီးဌာန |
| (င) | ဦးစိုးအောင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ် | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ် ကျပ်ငွေ ၂၀၀၀၀/- (ကျပ်နှစ်သိန်း တိတိ) ကိုလက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

**အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ်**

**တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂၃/၂၀၁၅) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်/ဌာန | ရာထူး | အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ခန့်အပ်မည့် ပြည်ထောင်စုဝန်ကြီးဌာနများ |
|---|---|---|---|
| (က) | ဦးဇော်ဟိန်း | ညွှန်ကြားရေးမှူးချုပ် | အားကစားဝန်ကြီးဌာန |
| (ခ) | ဦးရည်မွန် | ညွှန်ကြားရေးမှူးချုပ် | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန |

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ် ကျပ်ငွေ ၂၀၀၀၀၀/- (ကျပ်နှစ်သိန်း တိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၄ ရက် )

**အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ်**

**တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂၃/၂၀၁၅) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဝန်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၅) ဖြင့် မြို့တော်ဝန်ရုံးဖွဲ့စည်းပုံအား အမြဲတမ်းအတွင်းဝန်ရာထူး အပါအဝင်ဖြင့် ပြင်ဆင်ဖွဲ့စည်းမှုအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၅) မှ

အတည်ပြုပြီးဖြစ်သဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးမျိုးအောင်အား အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် မြို့တော်ဝန်ရုံး၏တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ် ကျပ်ငွေ ၂၀၀၀၀၀/- (ကျပ်နှစ်သိန်း တိတိ) ကိုလက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၇ ရက် )

**ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်ရေးစိစစ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်ရေး စိစစ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဍ) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်

(ဎ) ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(ဏ) ညွှန်ကြားရေးမှူးချုပ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီသည် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများအဖြစ် သတ်မှတ်နိုင်ရန် အောက်ပါအတိုင်း စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည် -

(က) ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသသတ်မှတ်ရေးအဖွဲ့အား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ ခေါင်းဆောင်အဖြစ်စုဖွဲ့၍ တိုင်းဒေသကြီး/ပြည်နယ်ဌာနဆိုင်ရာအကြီးအကဲများအား သင့်လျော်သလို ဖွဲ့စည်းနိုင်ရေး ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီမှ ဖွဲ့စည်းပေးခြင်း။

(ခ) တိုင်းဒေသကြီး/ပြည်နယ်များ၌ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသသတ်မှတ်ပေးထားပြီးဖြစ်သည့် မြို့နယ်၊ မြို့များအား အခြေခံအချက်များနှင့်ညီညွတ်မှု ရှိ/မရှိ ပြန်လည်ဆန်းစစ်အတည်ပြုသတ်မှတ်ပေးခြင်း၊

(ဂ) တိုင်းဒေသကြီး/ပြည်နယ်များမှ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများ ထပ်မံသတ်မှတ်ပေးနိုင်ရန် တင်ပြလာပါက အခြေခံ (၁၀) ချက်နှင့်ညီညွတ်မှု ရှိ/မရှိ စိစစ်ပေးခြင်း။

(ဃ) တိုင်းဒေသကြီး/ပြည်နယ်များမှ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသအဖြစ် သတ်မှတ်ပေးနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အဆင့်စိစစ်ရေးကော်မတီ၏ ထောက်ခံချက်နှင့်အတူ တင်ပြလာပါက ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသအဖြစ် စိစစ်ပြီး ဘဏ္ဍာရေးနှစ်၏နှစ်စတွင်ခွင့်ပြုမိန့်ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ပေးခြင်း။

(င) ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသအဖြစ် သတ်မှတ်ထားသော မြို့နယ်၊ မြို့များအား (၂) နှစ်တစ်ကြိမ် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေကိုစိစစ်၍ ဒေသစရိတ်ခံစားခွင့်ရှိသည့်ဒေသအဖြစ်မှ ပယ်ဖျက်ခြင်း၊ အဆင့်လျှော့ချခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၇ ရက် )

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့တွင် အဖွဲ့ဝင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆၀/၂၀၁၄) ဖြင့်ဖွဲ့စည်းခဲ့သော "လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့" တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဦးဇော်ဝင်းအား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၇ ရက် )

**ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီတွင် အဖွဲ့ဝင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ မေလ ၂၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၁) ဖြင့်ဖွဲ့စည်းခဲ့သော "ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ" တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ဇယား (၁/၂) တို့အရ ပြည်ထောင်စုလွှတ်တော်၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အား လွှဲအပ်ဆောင်ရွက်စေလိုက်သည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက် )

**ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကို ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄။) အားပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ
## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄။ )

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေတွင်ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Ministry of Finance" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "Union of Burma" ဆိုသည့် စကားရပ်ကို "the Republic of the Union of Myanmar" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "Financial Commissioner" ဆိုသည့် စကားရပ်ကို "Union Minister of Finance" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "Commissioner of Customs" ဆိုသည့်စကားရပ်ကို "Director-General of Customs" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "Collector of Land Customs" ဆိုသည့်စကားရပ်ကို "Competent Customs Official" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည်-

**Interpretation.** "(a) the expression to the passing or importation or exportation of customs duties payable goods which is entered a land customs area, by any means includes passing, importation or exportation by pipelines, underground cables or other electronic means to any part of a foreign frontier."

၄။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

**Permit for goods carried across the border areas.** "(1) Every person desiring to pass any goods, whether dutiable goods or not, by land out of or into any foreign territory by means of sub-section (a) of section 2 of this Act shall apply in writing for a permit for the passage to the relevant officer in charge of land customs station."

၅။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ တွင် -

(က) "ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဂ) တွင် ပါရှိသည့် "or four thousand kyats, whichever is greater" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။"

( ခ ) "ပုဒ်မခွဲ (၃) တွင် ပါရှိသည့် "not exceeding one thousand kyats" ဆိုသည့် စကားရပ်ကို "not exceeding five hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။"

၆။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (ဈ) တွင်ပါရှိသည့် "who have entered a land customs area from foreign territory, and" ဆိုသည့် စကားရပ်ကို "who have entered, by any means, a land customs area from foreign territory, and" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၉ ၏နောက်တွင် ပုဒ်မ ၁၀ ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

**Rules making power.** "10. In the implementation of the provisions contained in this Act:

(a) the Ministry of Finance may, with the approval of the Union Government, issue rules and regulations;

(b) the Ministry of Finance and the Customs Department may issue procedures, notifications, orders and directives."

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂။) အား ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ
## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂ ။)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၃) ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအလိုက် စည်ပင်သာယာရေး ဥပဒေ ပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ

## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ။)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အသေးစားစီးပွားရေးလုပ်ငန်း**ဆိုသည်မှာ မတည်ရင်းနှီးငွေတွင် မြေတန်ဖိုးမပါဝင်သည့် အောက်ပါလုပ်ငန်းတို့ကို ဆိုသည် -

(၁) ထုတ်လုပ်မှုလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် ဝန်ထမ်းဦးရေအမြဲတမ်း ၅၀ ဦးထက်မပိုသော သို့မဟုတ် မတည်ရင်းနှီးငွေ ကျပ်သန်း ၅၀၀ ထက်မပိုသော လုပ်ငန်း၊

(၂) လုပ်အားအခြေပြုထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် လက်ခစားလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၃၀၀ ဦးထက်မပိုသော သို့မဟုတ် မတည်ရင်းနှီးငွေ ကျပ်သန်း ၅၀၀ ထက်မပိုသောလုပ်ငန်း၊

(၃) လက်ကားရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၃၀ ဦးထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၁၀၀ ထက်မပိုသောလုပ်ငန်း၊

(၄) လက်လီရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၃၀ ဦးထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေကျပ်သန်း ၅၀ ထက်မပိုသော လုပ်ငန်း၊

(၅) ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၃၀ ဦးထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၁၀၀ ထက်မပိုသော လုပ်ငန်း၊

(၆) အထက်ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၄) နှင့် (၅) တို့မှအပ အခြားလုပ်ငန်းတစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၃၀ ဦးထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၅၀ ထက်မပိုသော လုပ်ငန်း။

(ခ) **အလတ်စားစီးပွားရေးလုပ်ငန်း**ဆိုသည်မှာ မတည်ရင်းနှီးငွေတွင် မြေတန်ဖိုး မပါဝင်သည့် အောက်ပါလုပ်ငန်းတို့ကို ဆိုသည် -

(၁) ထုတ်လုပ်မှုလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၃၀၀ ဦးထက်မပိုသော သို့မဟုတ် မတည်ရင်းနှီးငွေ ကျပ်သန်း ၅၀၀ အထက်မှ ကျပ်သန်း ၁၀၀၀ ထက်မပိုသောလုပ်ငန်း၊

(၂) လုပ်အားအခြေပြုထုပ်လုပ်မှုလုပ်ငန်း သို့မဟုတ် လက်ခစားလုပ်ငန်းကို အဓိက လုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၆၀၀ ဦးထက်မပိုသော သို့မဟုတ် မတည်ရင်းနှီးငွေ ကျပ်သန်း ၅၀၀ အထက်မှ ကျပ်သန်း ၁၀၀၀ ထက်မပိုသော လုပ်ငန်း၊

(၃) လက်ကားရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေအမြဲတမ်း ၆၀ ဦးထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၁၀၀ အထက်မှ ကျပ်သန်း ၃၀၀ ထက်မပိုသောလုပ်ငန်း၊

(၄) လက်လီရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၆၀ ဦးထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေကျပ်သန်း ၅၀ အထက်မှ ကျပ်သန်း ၁၀၀ ထက်မပိုသောလုပ်ငန်း၊

(၅) ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၁၀၀ ဦးထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၁၀၀ အထက်မှ ကျပ်သန်း ၂၀၀ ထက်မပိုသောလုပ်ငန်း၊

(၆) အထက်ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၄) နှင့် (၅) တို့မှအပ အခြားလုပ်ငန်းတစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေအမြဲတမ်း ၆၀ ဦးထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၅၀ အထက်မှ ကျပ်သန်း ၁၀၀ ထက်မပိုသောလုပ်ငန်း။

(ဂ) **လုပ်ငန်းဆောင်ရွက်သူ**ဆိုသည်မှာ အသေးစားစီးပွားရေးလုပ်ငန်း သို့မဟုတ် အလတ်စား စီးပွားရေးလုပ်ငန်း သို့မဟုတ် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းနှစ်ရပ်လုံးကို လုပ်ကိုင်သည့် ရာနှုန်းပြည့် နိုင်ငံသားစီးပွားရေးလုပ်ငန်းလုပ်ဆောင်သူ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကို ဆိုသည်။

(ဃ) **စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့**ဆိုသည်မှာ လုပ်ငန်းဆောင်ရွက်သူများက တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော အကျိုးအမြတ်မယူသည့် အသင်းအဖွဲ့၊ ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်း၊ တစ်ဆင့်ခံအဖွဲ့အစည်းနှင့် အဖွဲ့ခွဲ တစ်ခုခုကို ဆိုသည်။

(င) **ဗဟိုကော်မတီ**ဆိုသည်မှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဆိုသည်။

(စ) **လုပ်ငန်းကော်မတီ**ဆိုသည်မှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို ဆိုသည်။

(ဆ) **အေဂျင်စီ**ဆိုသည်မှာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီကို ဆိုသည်။

(ဇ) **အေဂျင်စီရုံးခွဲများ**ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ သို့မဟုတ် ပြည်ထောင်စုနယ်မြေတို့တွင် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသော ရုံးခွဲများကို ဆိုသည်။

(ဈ) **တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ပြည်ထောင်စုနယ်မြေတို့တွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် တစ်နေရာတည်း၌ မှတ်ပုံတင်ခြင်း၊ ခွင့်ပြုမိန့်များ လျှောက်ထားရာတွင် ဝန်ဆောင်မှုပေးခြင်းနှင့် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးရန် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းက ဖွဲ့စည်းတာဝန်ပေးအပ်သည့်အဖွဲ့ကို ဆိုသည်။

(ည) **ရန်ပုံငွေ**ဆိုသည်မှာ ဤဥပဒေအရ ထူထောင်ထားသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို ဆိုသည်။

(ဋ) **ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**ဆိုသည်မှာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို စီမံခန့်ခွဲသည့် အဖွဲ့ကို ဆိုသည်။

(ဌ) **တာဝန်ခံဝန်ကြီးဌာန**ဆိုသည်မှာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် အဓိကတာဝန်ယူဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ဝန်ကြီးဌာနကို ဆိုသည်။

(ဍ) **သက်ဆိုင်ရာဝန်ကြီးဌာနများ**ဆိုသည်မှာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အကောင်အထည်ဖော်ရာတွင် ဆက်စပ်ပါဝင်နေသောဝန်ကြီးဌာနများကို ဆိုသည်။

(ဎ) **ဘဏ်**ဆိုသည်မှာ မြန်မာနိုင်ငံတွင် ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းဖြစ်စေ၊ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဖြစ်စေ ဆောင်ရွက်ရန် ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ကုမ္ပဏီကို ဆိုသည်။ ယင်းစကားရပ်တွင် လိုင်စင်ရရှိထားသော နိုင်ငံခြားဘဏ်လည်း ပါဝင်သည်။

(ဏ) **စွန့်ဦးတီထွင်မှု**ဆိုသည်မှာ ဈေးကွက်ဝင် ပိုမိုအသုံးတည့်သော နည်းပညာ၊ ထုတ်ကုန်ပစ္စည်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုများကို ဆန်းသစ်တီထွင် ဖန်တီးနိုင်မှုကို ဆိုသည်။

(တ) **မှတ်ပုံတင်ခွင့်ပြုခြင်း**ဆိုသည်မှာ ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ အေဂျင်စီက မှတ်ပုံတင်ခွင့်ပြုခြင်းကို ဆိုသည်။

(ထ) **ချေးငွေဆိုင်ရာသတင်းအချက်အလက်ဌာန**ဆိုသည်မှာ ချေးငွေဆိုင်ရာ သတင်းအချက်အလက်များသို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေချေးရန်ထိုက်တန်မှုကို အကဲဖြတ်သုံးသပ်ရန် ဆီလျော်သက်ဆိုင်သော အခြားသတင်းအချက်အလက်များကို စုစည်းနိုင်ရန်နှင့် စုစည်းရရှိသည့်သတင်းအချက်အလက်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများသို့အသိပေးနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ခွင့်ပြုချက်ဖြင့် တည်ထောင်ထားသောဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးနှင့် ဆက်စပ်သည့် သတင်းအချက်အလက်၊ နည်းပညာအထောက်အကူများနှင့်ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာ ရရှိနိုင်စေရန်၊

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ပြည်တွင်းပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြင့်မားတိုးတက်စေရန်၊

(ဂ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် အဟန့်အတားများကို လျော့ပါးစေရန်။

## အခန်း (၃)
## အခြေခံမူများ

၄။ ဤဥပဒေ၏ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ၏ အခက်အခဲများကို လျှော့ချစေရန်လည်းကောင်း လိုအပ်သည့်ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးခြင်း၊ ဥပဒေရေးရာအကြံဉာဏ်ပေးခြင်းနှင့်စီမံခန့်ခွဲရေးဆိုင်ရာမူဝါဒများချမှတ်ပေးခြင်း၊

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များတွင်ပါ နိုင်ငံတကာစံချိန်စံညွှန်းမီ အရည်အသွေးရှိသော ထုတ်ကုန်များ၊ ဝန်ဆောင်မှုများဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်မြင့်မားရေးနှင့် ဈေးကွက်ရရှိရေးတို့ကို ဆောင်ရွက်ပေးခြင်း၊

(ဂ) မှတ်ပုံမတင်ရသေးသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေးအတွက် တိုက်တွန်းအားပေးခြင်း၊

(ဃ) အသစ်စတည်မည့် သို့မဟုတ် လက်ရှိဆောင်ရွက်လျက်ရှိသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို သတင်းအချက်အလက်၊ နည်းပညာနှင့် ငွေကြေးအရင်းအနှီးရရှိစေရန် အထောက်အကူပေးခြင်း၊

(င) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဝန်းကျင်တို့အား ဆိုးကျိုးသက်ရောက်မှုအနည်းဆုံးနှင့် သယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ် တိုးတက်ရရှိစေရေးအတွက် စီမံဆောင်ရွက်စေခြင်း၊

(စ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များကို ဆန်းသစ်တီထွင်သည့် ကုန်စည်များ ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုများ တိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုစွမ်းရည်တိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဖြန့်ဝေမှုတို့တွင် ခေတ်မီနည်းပညာနှင့် အထောက်အကူပြုပစ္စည်းများကို လိုက်လျောညီထွေ အသုံးပြုရေးတို့အတွက် အားပေးတိုက်တွန်းခြင်း၊

(ဆ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူသားအရင်းအမြစ် တိုးတက်ရေးကို အားပေးခြင်းနှင့် လုပ်ငန်းခွင်သင်တန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်ခြင်း၊

(ဇ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်း။

## အခန်း (၄)

## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများပိုမိုဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ဤဥပဒေပါလုပ်ငန်းတာဝန်များကိုထမ်းဆောင်ရန် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (၂) | ဒုတိယသမ္မတများ | ဒုတိယဥက္ကဋ္ဌများ |
| (၃) | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ | အဖွဲ့ဝင်များ |
| (၄) | စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များမှ သင့်လျော်သောကိုယ်စားလှယ်နှင့် စီးပွားရေးပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်ပုဂ္ဂိုလ်များ | အဖွဲ့ဝင်များ |
| (၅) | တာဝန်ခံဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော အဖွဲ့ဝင်များအနက်မှ တွဲဖက်အတွင်းရေးမှူးကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ဂ) ဗဟိုကော်မတီ ဖွဲ့စည်းခြင်းကို နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာရမည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဤဥပဒေပါ အခြေခံမူများနှင့်အညီ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးအင်အားစုများတွင် အချိုးအစားအများဆုံး ပါဝင်နေသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဂ) ငွေကြေးအကူအညီနှင့် နည်းပညာအကူအညီများ ရရှိရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်း များနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေးရန် လမ်းညွှန်မှုပေးခြင်း၊

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဈေးကွက်များ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ခြင်း၊

(င) ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းများ ပုံမှန်ဖြစ်ထွန်းတိုးတက်လာစေရန် စီစဉ်ပေးခြင်း၊

(စ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူသား အရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဆ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကိုအကျိုးရှိရှိ ထိရောက်စွာ အသုံးချရေးနည်းပညာ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနည်းပညာများ အသုံးပြုရေးအတွက် လမ်းညွှန်ပံ့ပိုးပေးခြင်း၊

(ဇ) တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်သည့် နည်းပညာနှင့်စက်ကိရိယာများအသုံးပြုရေးအတွက် ဆက်စပ်ညှိနှိုင်းလမ်းညွှန်ခြင်း၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာရန် လမ်းညွှန်ပံ့ပိုးပေးခြင်း၊

(ဈ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အခြေခံအဆောက်အအုံများနှင့် အထောက် အကူပြုပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ဖြည့်တင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခြင်း၊

(ည) လုပ်ငန်းကော်မတီ ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဋ) အေဂျင်စီ၊ ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သော အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်း။

## အခန်း (၅)
## လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ (က) ဗဟိုကော်မတီသည် လုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတတစ်ဦး | ဥက္ကဋ္ဌ |
| (၂) | တာဝန်ခံဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှပြည်ထောင်စု ဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများ | အဖွဲ့ဝင် |
| (၄) | သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ | အဖွဲ့ဝင် |
| (၅) | အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (၆) | အသင်းအဖွဲ့များမှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ | အဖွဲ့ဝင် |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော အဖွဲ့ဝင်များအနက်မှ အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူးတို့ကို ဗဟိုကော်မတီက သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

၈။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်း တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင် ဆောင်ရွက်နိုင်ရန် လိုအပ် သော သတင်းအချက်အလက်များကို ဗဟိုကော်မတီသို့ စုဆောင်းသုံးသပ်တင်ပြခြင်း၊

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် အဟန့်အတားဖြစ်နေသော ကိစ္စရပ်များ အား ကျော်လွှားနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဂ) ဈေးကွက်များ ချဲ့ထွင်နိုင်ရေးအတွက် ပြည်တွင်းပြည်ပ စီးပွားရေးဈေးကွက်များနှင့် ကျယ်ပြန့်စွာ ချိတ်ဆက်နိုင်ရေးကို ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) ကျွမ်းကျင်လုပ်သားများ လိုအပ်ချက် ပြည့်မီအောင် လေ့ကျင့်ပျိုးထောင်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(င) နည်းပညာလိုအပ်ချက်များအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်၍ ပညာပေးမြှင့်တင်ခြင်း၊

(စ) ပြည်တွင်းပြည်ပမှငွေကြေးအကူအညီများရယူနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရ သို့မဟုတ် ပုဂ္ဂလိက ငွေကြေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများ၊ ဘဏ်များနှင့်ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဆ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အသေးစားငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဇ) နည်းပညာနှင့်စီးပွားရေးဆိုင်ရာအကြံပြုချက်များရယူဖြန့်ဖြူးနိုင်ရန် ပြည်တွင်းပြည်ပအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အစိုးရဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများရှိ နည်းပညာဆိုင်ရာ သုတေသန ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဋ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကိုတင်ပြခြင်း၊

(ဌ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ လိုအပ်သည့် ထောက်ပံ့ခွဲဝေမှုရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) ဗဟိုကော်မတီကအခါအားလျော်စွာပေးအပ်သည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဎ) ဒေသအသီးသီးရှိ ထုတ်လုပ်မှုကဏ္ဍများနှင့် ရောင်းဝယ်မှုကဏ္ဍများအား အချင်းချင်းချိတ်ဆက်မှု ဖြစ်လာစေရန် စီမံဆောင်ရွက်ပေးခြင်း။

## အခန်း (၆)

## လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေး အဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။ ဗဟိုကော်မတီက တာဝန် ပေးအပ်သည့် အဖွဲ့ဝင်တစ်ဦးက အဖွဲ့၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

၁၀။ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေ၊ လိုအပ်ချက်များနှင့် အခက်အခဲများကို လေ့လာသုံးသပ်ခြင်း၊

(ခ) အေဂျင်စီနှင့် အေဂျင်စီရုံးခွဲများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို သုံးသပ်ခြင်း၊

(ဂ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ သင်တန်းကျောင်းများ၊ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို သုံးသပ်ခြင်း၊

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွား ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်သုံးသပ်ခြင်း၊

(င) ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ဆန်းစစ်သုံးသပ်၍ မိမိနိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို နိုင်ငံတော်က ပံ့ပိုး ဆောင်ရွက်ပေးနိုင်ရန် သုံးသပ်ခြင်း၊

(စ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးတွင်ပါဝင်မှု၊ ပြည်ပသို့တင်ပို့မှုနှင့်ပြည်ပမှတင်သွင်းမှုများအပေါ် သုံးသပ်ခြင်း၊

(ဆ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် အနိမ့်ဆုံးရရှိသည့် လုပ်ခလစာ၊ လုပ်ငန်းအမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံမှုများနှင့် ထွက်ကုန်များ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် အလုပ်အကိုင်ရရှိမှုများကို စိစစ်သုံးသပ်ခြင်း၊

(ဇ) လုပ်ငန်းသုံးသပ်ချက်များနှင့် သက်ဆိုင်သည့် အစီရင်ခံစာများကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်းခြင်းနှင့် အများပြည်သူသို့ အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း။

## အခန်း (၇)

## အေဂျင်စီနှင့် အေဂျင်စီရုံးခွဲများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၁။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဌာနအကြီးအမှူးများ၊ အသင်းအဖွဲ့များမှ သင့်လျော်သည့် ကိုယ်စားလှယ်များ၊ ပညာရှင်များပါဝင်သည့် အေဂျင်စီကို ဖွဲ့စည်းရမည်။

၁၂။ ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်က အေဂျင်စီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ အေဂျင်စီဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့် ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၃။ တာဝန်ခံဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်သည် အေဂျင်စီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၁၄။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များအပေါ် နှစ်ပတ်လည်တိုးတက်မှု အစီရင်ခံစာကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်းခြင်း၊

(ဂ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းသဘောသဘာဝအလိုက် ကြုံတွေ့နေရသော အခက်အခဲများ၊ လိုအပ်ချက်များကို လျော့နည်းစေရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို လိုအပ်သည့် ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဒေသဆိုင်ရာအေဂျင်စီရုံးခွဲများတည်ထောင်ခြင်းနှင့်တစ်နေရာတည်းဝန်ဆောင်မှုပေးသည့်အဖွဲ့များ တည်ထောင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဥပဒေပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအကြံဉာဏ်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် သင်တန်းများပေးခြင်း၊

(ဆ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ဘဏ်များနှင့်ပူးပေါင်းလျက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့မှုတိုးမြှင့်ရရှိစေရန် ငွေကြေးမဟုတ်သောဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်း၊

(ဈ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများပူးပေါင်း၍ စီးပွားရေးကွန်ရက်များ တည်ထောင်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ည) တီထွင်ကြံဆမှုနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးကို မြှင့်တင်နိုင်ရန်အတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအချင်းချင်း ယှဉ်ပြိုင်ဆောင်ရွက်မှုကို တွန်းအားပေးခြင်း၊ ကုန်စည်နှင့်နည်းပညာပြပွဲများ ကျင်းပပေးခြင်း၊

(ဍ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သော အငြင်းပွားမှုများကို အကြံပေးခြင်း၊ ညှိနှိုင်းဖျန်ဖြေပေးခြင်းနှင့် ခုံသမာဓိနည်းဖြင့် ဖြေရှင်းနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဎ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေအတိုင်ပင်ခံအဖွဲ့အစည်းများ၊ လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဏ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့်ကိန်းဂဏန်းဆိုင်ရာ စာရင်းများကို ကောက်ယူခြင်း၊ အဆင့်ဆင့်စစ်ဆေးခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့် လိုအပ်ချက်နှင့်အညီ အသုံးပြုခြင်း၊

(ပ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ မှတ်ပုံတင်သက်တမ်း သတ်မှတ်ပေးခြင်း၊

(ဏ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအေဂျင်စီများ၊ စီးပွားရေး အသင်းအဖွဲ့များ၊ ပြည်တွင်းနှင့်အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့်ဆက်သွယ်ခြင်း၊

(တ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးတက်ရေးနည်းလမ်းများ အကောင်အထည်ဖော်ရန်အတွက် ငွေကြေးအဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်ရယူခြင်း၊

(ထ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းအမျိုးအစားမှ ပြောင်းလဲဖြစ်ပေါ်လာပြီးနောက် ၃ နှစ်အထိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း၏အဆင့်အတန်းကို ထိန်းသိမ်းထားရှိခြင်း။

၁၅။ အေဂျင်စီ၏လုပ်ငန်းတာဝန်များကို ဒေသအလိုက် အကောင်အထည်ဖော်မည့် အေဂျင်စီရုံးခွဲများသည် သက်ဆိုင်ရာ နယ်မြေအတွင်း တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို တာဝန်ခံရမည်။

## အခန်း (၈)

## စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၏ အခန်းကဏ္ဍ

၁၆။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များသည် ဤဥပဒေ၏အခြေခံမူဝါဒများကို လိုက်နာဆောင်ရွက်နိုင်စေရန် ဗဟိုကော်မတီ၊ အခြားဆက်စပ်သည့် အဖွဲ့အစည်းများနှင့် နီးကပ်စွာ လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၇။ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ကြီးထွားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းတို့၏ စီးပွားရေးအဆင့်အတန်းတိုးတက်ဖြစ်ထွန်းလာစေရေး တို့အတွက် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း (၉)

## လုပ်ငန်းဆောင်ရွက်သူ၏ တာဝန်နှင့်အခွင့်အရေးများ

၁၈။ လုပ်ငန်းဆောင်ရွက်သူ၏ တာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါအခွင့်အရေးများကိုရရှိခံစားနိုင်ရန် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း၊

(ခ) စီးပွားရေး သို့မဟုတ် လူမှုပတ်ဝန်းကျင် ပြောင်းလဲဖြစ်ပေါ်မှုများကို တုံ့ပြန်နိုင်ရန်နှင့် စီးပွားရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီမံခန့်ခွဲမှုပုံစံနှင့် တိုးတက်သော နည်းပညာများကို လွတ်လပ်စွာ ပြောင်းလဲဆောင်ရွက်ခြင်း၊

(ဂ) ဤဥပဒေအရ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအဖြစ် အကျုံးဝင်သည့် မတည်ရင်းနှီးငွေ၊ လုပ်သားဦးရေနှင့် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် မကိုက်ညီသည့်အခါ လုပ်ငန်းဆောင်ရွက်သူက အေဂျင်စီသို့ သတင်းပေးပို့တင်ပြခြင်း၊ ခွင့်ပြုကာလ အတွင်း ပြောင်းလဲမှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊

(ဃ) မိမိလုပ်ငန်း၏ စာရင်းဇယားမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ပြုစုထိန်းသိမ်းထားရှိခြင်း၊ လိုအပ်ချက်နှင့်အညီ စစ်ဆေးမှုကို ခံယူခြင်း၊

(င) နစ်နာမှုများနှင့်စပ်လျဉ်း၍ အေဂျင်စီရုံးခွဲမှတစ်ဆင့် အေဂျင်စီသို့ တင်ပြခွင့်ရှိခြင်း၊

(စ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် အကျိုးရှိရှိထိရောက်စွာအသုံးချရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် စက်ကိရိယာများ အသုံးပြုရေးတို့အတွက် အစိုးရနှင့် အစိုးရမဟုတ်သော နည်းပညာဆိုင်ရာ သုတေသနဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် အေဂျင်စီမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊

(ဆ) ပြည်တွင်းပြည်ပမှ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲများသို့ အေဂျင်စီ၏ အစီအစဉ်ဖြင့် တက်ရောက်နိုင်ခြင်း၊

(ဇ) အစိုးရဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများမှ ထောက်ပံ့သည့် ငွေကြေးနှင့် အခြားဝန်ဆောင်မှုများရရှိရန် အေဂျင်စီမှတစ်ဆင့် လျှောက်ထားနိုင်ခြင်း၊

(ဈ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစီမံချက်များ အလိုက် ချေးငွေရယူဆောင်ရွက်နိုင်ရန် အေဂျင်စီသို့လျှောက်ထားနိုင်ခြင်း၊

(ည) ပြည်တွင်းပြည်ပ စီးပွားရေးကွန်ရက်များတွင် အေဂျင်စီ၏ အစီအစဉ်ဖြင့် ပါဝင်နိုင်ခြင်း။

## အခန်း (၁၀)

## ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၉။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။ ဗဟိုကော်မတီက တာဝန်ပေးအပ်သည့် အဖွဲ့ဝင်တစ်ဦးက အဖွဲ့၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

၂၀။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလို့ငှာ အတိုးသက်သာသော ချေးငွေများရရှိနိုင်ရေး ဝန်ဆောင်မှုပေးနိုင်ရန်အတွက် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် လုပ်ငန်းကော်မတီသို့ တွက်ချက်တင်ပြခြင်း၊

(ခ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုကိစ္စရပ်များတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ငွေတစ်ရပ်အား လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြခြင်း၊

(ဂ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်က ထောက်ပံ့ငွေ၊ ပြည်တွင်းပြည်ပ ငွေကြေးအဖွဲ့အစည်းများမှ အကူအညီရရှိငွေ၊ အလှူရှင်များက လှူဒါန်းငွေ၊ မိမိဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ဆောင်ခရရှိငွေတို့နှင့် ထူထောင်ထားရှိခြင်း၊

(ဃ) ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသော အဖွဲ့အစည်းများနှင့် မှတ်ပုံတင်ထားရှိသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများပူးပေါင်းလုပ်ဆောင်နိုင်ရန် တည်ဆဲဥပဒေများနှင့် အညီ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(င) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အတိုးသက်သာစွာ သတ်မှတ်သော အထူးချေးငွေတစ်ရပ်နှင့် ပြည်တွင်းပြည်ပ ဘဏ်များ၊ ငွေကြေး အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများမှ ရရှိနိုင်သည့် အတိုးမဲ့ချေးငွေ၊ အတိုးသက်သာ သောချေးငွေ၊ ချေးငွေတစ်ရပ်ရပ်ကိုရယူပြီး အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေး ဘဏ်နှင့် သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် မှတ်ပုံတင်ထားရှိသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် တိုက်ရိုက်ချိတ်ဆက်ချေးယူနိုင်ရန်စီစဉ်ပေးခြင်း၊ အသိအမှတ်ပြုပေးခြင်း၊

(စ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ငွေကြေးကျခံသုံးစွဲခြင်း၊

(ဆ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား သာမန်ချေးငွေ၊ အတိုးနှုန်းသက်သာသော ချေးငွေ၊ အတိုးမဲ့ချေးငွေ၊ ပြန်လည်ပေးဆပ်စရာမလိုသော အကူအညီငွေများ ရရှိရန်အတွက် အထောက်အကူပြုရန် ချေးငွေဆိုင်ရာ သတင်းအချက်အလက်ဌာနကို တည်ထောင်ခြင်း၊

(ဇ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေချေးရာတွင် ဆုံးရှုံးမှုများကာကွယ်နိုင်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနက ခွင့်ပြုထားသောချေးငွေအာမခံကုမ္ပဏီများ၊ ချေးငွေအာမခံကော်ပိုရေးရှင်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၂၁။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် ငွေကြေးဆိုင်ရာ ကိစ္စများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ရမည်။

## အခန်း (၁၁)
## တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်

၂၂။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို ဆောင်ရွက်နိုင်စွမ်းရှိသော ဝန်ထမ်းများအား လုပ်ပိုင်ခွင့် အခွင့်အာဏာများပေးအပ်၍ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသော အဖွဲ့များတွင် ပူးတွဲတာဝန်ပေးရမည်။

၂၃။ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်အား အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဝန်ထမ်းများသည် အေဂျင်စီရုံးခွဲများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း (၁၂)
## သတင်းအချက်အလက်စုဆောင်းထိန်းသိမ်းခြင်းနှင့် ထုတ်ပြန်ခြင်း

၂၄။ အေဂျင်စီသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကိုကောက်ယူခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့်လိုအပ်ချက်နှင့်အညီ အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ရန် အောက်ပါတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည် -

(က) ဈေးကွက်၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကို ကွန်ရက်စနစ်များဖြင့် ပံ့ပိုးပေးခြင်း၊ သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးခြင်း၊

(ခ) ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်ဆိုင်ရာ အကြံပေးဌာနများ ထူထောင်ဖွင့်လှစ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်းပြည်ပ ဝယ်ယူသူနှင့် ရောင်းချသူများအတွက် အွန်လိုင်းကုန်သွယ်မှုစနစ်ဖွံ့ဖြိုးစေရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း (၁၃)
## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် နည်းပညာအထောက်အပံ့ပေးခြင်း

၂၅။ အေဂျင်စီသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်မှု မြှင့်တင်နိုင်ရေးတို့အတွက် အောက်ပါတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည် -

(က) သင့်လျော်သည့် နည်းပညာများကို ရှာဖွေဖော်ထုတ် လွှဲပြောင်းပေးခြင်း၊

(ခ) ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာအကြံဉာဏ်များပေးခြင်းနှင့် ခေတ်မီစက်ကိရိယာများကို အသုံးပြုနိုင်စေရန် လေ့ကျင့်ပညာပေးခြင်း၊

(ဂ) ထုတ်ကုန်များ၏ အရည်အသွေးကို စစ်ဆေးပေးမည့် ဓာတ်ခွဲခန်းများတည်ထောင်မှုကို အားပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်းပြည်ပဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအကြား နည်းပညာ ပူးပေါင်းဖလှယ်ခြင်း၊

(င) တီထွင်ဖန်တီးမှုစွမ်းရည်မြှင့်တင်နိုင်ရန် လုပ်ငန်းစွမ်းဆောင်ရည်အလိုက် ထိုက်တန်သော ချီးမြှောက်မှုများ စီစဉ်ပေးခြင်း၊

(စ) သုတေသနလုပ်ငန်းများမှ ရရှိလာသည့် နည်းပညာသစ်များကို ရှေ့ပြေးအဆင့်မှ စီးပွားဖြစ်ထုတ် လုပ်နိုင်ရေးအတွက် အထောက်အပံ့များပေးခြင်း၊

(ဆ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် များကို ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ခြင်း။

## အခန်း (၁၄)
## ဈေးကွက်ရှာဖွေချိတ်ဆက်ပေးခြင်း

၂၆။ အေဂျင်စီသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်မြှင့်တင်ရေးအတွက် အောက်ပါတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည် -

(က) ပို့ကုန်ဦးစားပေးလုပ်ငန်း ဆောင်ရွက်မှုများကို အားပေးခြင်း၊

(ခ) နိုင်ငံတကာဈေးကွက်များ၏ ကျင့်ဝတ်နှင့် စည်းမျဉ်းများကို လုပ်ငန်းဆောင်ရွက်သူများ သိရှိ ကျွမ်းဝင်စေခြင်း၊

(ဂ) ဈေးကွက်ထိုးဖောက်ရေးနှင့် ဈေးကွက်ဝေစုများရရှိစေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဃ) နိုင်ငံတကာဈေးကွက်ကို ချိတ်ဆက်မိစေမည့် စံနှုန်းသတ်မှတ်ချက်များ ဖော်ဆောင်နိုင်ရေးနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးတို့ကို စီစဉ်ပေးခြင်း၊

(င) အကောက်ခွန်နှင့် ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများကို လုပ်ငန်းဆောင်ရွက်သူများ သိရှိ ကျွမ်းဝင်စေခြင်းနှင့် ထိုက်သင့်သည့် ဖြေလျှော့မှုများ ရရှိစေခြင်း။

## အခန်း (၁၅)
## အခွန်အကောက်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ပေးခြင်း

၂၇။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်းရည်ရှိစေရန် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်လျှော့ပေါ့ခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့ အစည်းများသို့ အကြံပြုတင်ပြရမည် -

(က) သုတေသနပြုပြီး တီထွင်ဆန်းသစ်သော ကုန်ပစ္စည်းအသစ် ထုတ်လုပ်ခြင်း၊

(ခ) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသောဒေသ၌ ဦးစားပေးစာရင်းဝင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဂ) ဘေးထွက်ပစ္စည်းများနှင့် အလေအလွင့်ပစ္စည်းများကိုအသုံးပြု၍ ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် အကျိုးရှိရှိထိရောက်စွာ အသုံးချရေးနှင့် ပြန်လည်သုံးစွဲရေးတို့အတွက် အလုပ်ရုံအတွင်း ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း များကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

## အခန်း (၁၆)
## စွန့်ဦးတီထွင်မှုနှင့် လုပ်ငန်းသစ်စတင်မှုကို ပံ့ပိုးဆောင်ရွက်ခြင်း

၂၈။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ စွန့်ဦးတီထွင်မှုပြုသော လုပ်ငန်းရှင်များ အနေဖြင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံလာစေရန် အောက်ပါတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည် -

(က) အခွန်လျှော့ပေါ့ကောက်ခံခြင်း၊

(ခ) စက်ရုံများတည်ထောင်ရန် မြေ သို့မဟုတ် လုပ်ငန်းနေရာကို သက်သာသည့်နှုန်းထားဖြင့်ငှားရမ်းခြင်း၊

(ဂ) လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်ဆောင်ရွက်ခြင်းနှင့် အခက်အခဲများကို အကြံပြုဖြေရှင်းခြင်း၊

(ဃ) အကျိုးတူ ကုန်ထုတ်လုပ်ငန်းများ ဖွဲ့စည်းတည်ထောင်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း။

## အခန်း (၁၇)
## မှတ်ပုံတင်ခြင်း

၂၉။ အေဂျင်စီသည် -

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာ လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်လက်မှတ်တင်ပြနိုင်လျှင် မှတ်ပုံတင်ခွင့် ပြုရမည်။

(ခ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ရန် မလိုအပ်သည့်လုပ်ငန်းဖြစ်ပါက အောက်ပါသတ်မှတ်ချက်များနှင့်ညီညွတ်လျှင် မှတ်ပုံတင်ခွင့် ပြုရမည် -

(၁) ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မှုမရှိခြင်း၊

(၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုအနည်းဆုံး ဖြစ်ခြင်း၊ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီဆောင်ရွက်ပေးနိုင်ခြင်း၊

(၃) မီဘေးအန္တရာယ်ကင်းရှင်းခြင်း၊

(၄) လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် ကျန်းမာရေး ထိခိုက်မှုမရှိခြင်း။

၃၀။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာတစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် အဖွဲ့များ၌ မှတ်ပုံတင်ခြင်း၊ စီးပွားရေးလုပ်ငန်း လိုင်စင်ထုတ်ယူခြင်းနှင့် လိုအပ်သော ထောက်ခံချက်များ လျှောက်ထားခြင်းတို့ ပြုနိုင်သည်။

၃၁။ အေဂျင်စီသည် အောက်ပါအကြောင်းအရာ တစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ မှတ်ပုံတင်ခွင့်ကို ပြန်လည် ရုပ်သိမ်းရမည် -

(က) လုပ်ငန်းဆောင်ရွက်သူက မှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊

(ခ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း၊

(ဂ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ထက် ကျော်လွန်၍ စီးပွားရေးလုပ်ငန်းများ ပြောင်းလဲဖြစ်ပေါ်မှုသည် ကန့်သတ်ကာလ ၃ နှစ်ထက် ကျော်လွန်ခြင်း။

## အခန်း (၁၈)
## အထွေထွေ

၃၂။ ဗဟိုကော်မတီသည် ဤဥပဒေမပြဋ္ဌာန်းမီ ဖွဲ့စည်းထားသော အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆက်ခံ၍ ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ လုပ်ငန်းကော်မတီသည် ဤဥပဒေမပြဋ္ဌာန်းမီ ဖွဲ့စည်းထားသော အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆက်ခံ၍ ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် တာဝန်ခံဝန်ကြီးဌာနသည် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ အေဂျင်စီရုံးခွဲနှင့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောအဖွဲ့တို့၏ ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကို ကျခံရမည်။

၃၅။ တာဝန်ခံဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဝင်နှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၃၆။ ဤဥပဒေပါ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် တာဝန်ခံဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက် များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**အမြန်လမ်းမကြီးများဥပဒေထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **အမြန်လမ်းမကြီးများဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# အမြန်လမ်းမကြီးများဥပဒေ

## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄ ။)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အမြန်လမ်းမကြီးများဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **အမြန်လမ်းမကြီး**ဆိုသည်မှာ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမြန်လမ်းမကြီးအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသည့် လမ်းမကြီးကိုဆိုသည်။ ယင်းစကားရပ်တွင် ယင်းလမ်းမကြီး၏လမ်းတစ်ဖက်တစ်ချက်ရှိ လမ်းနယ်နိမိတ်နှင့် ယင်းလမ်းမကြီးပေါ်ရှိ တံတားများလည်းပါဝင်သည်။

(င) **တိရစ္ဆာန်**ဆိုသည်မှာ အိမ်မွေးတိရစ္ဆာန်များနှင့် တောရိုင်းတိရစ္ဆာန်များကို ဆိုသည်။

(စ) **မော်တော်ယာဉ်**ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ စွမ်းအင်တစ်မျိုးမျိုးကိုဖြစ်စေ အားလုံးသော်လည်းကောင်း၊ အချို့အဝက်သော်လည်းကောင်း အသုံးပြု၍ လမ်းပေါ်တွင် မောင်းနှင်သွားလာသည့် သို့မဟုတ် မောင်းနှင်သွားလာနိုင်သည့်ယာဉ်ကို ဆိုသည်။

(ဆ) **လမ်းကွန်ရက်**ဆိုသည်မှာ အမြန်လမ်းမကြီးများနှင့် လမ်းမကြီးများကို ဆက်သွယ်ချိတ်ဆက်ထားသည့် လမ်းအစုအဝေးကို ဆိုသည်။

(ဇ) **ကူးပြောင်းလမ်း**ဆိုသည်မှာ အမြန်လမ်းမကြီးနှင့် အခြားလမ်းများ ဆုံသည့်နေရာတွင် မော်တော်ယာဉ်များ ကူးပြောင်း ဝင်ထွက် သွားလာနိုင်ရန် တည်ဆောက်ထားသော တံတားနှင့် လမ်းအဆောက်အအုံကို ဆိုသည်။

(ဈ) **လမ်းတာပေါင်**ဆိုသည်မှာ လမ်းဖောက်လုပ်ရေးအတွက် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းနှင့်အညီ မြေဖို့တည်ဆောက်ထားသော တာပေါင်ကို ဆိုသည်။

(ည) **လမ်းပခုံး**ဆိုသည်မှာ ယာဉ်သွားလမ်း၏ တစ်ဖက်တစ်ချက်စီ၌ရှိပြီး၊ လမ်းတာပေါင်ပေါ်တွင် မော်တော်ယာဉ် အရေးပေါ်ရပ်နားနိုင်ရန်နှင့် လမ်းမပျက်စီးစေရန် ထိန်းသိမ်းထားသော အစိတ်အပိုင်းကို ဆိုသည်။

(ဋ) **လမ်းဆိုင်းဘုတ်**ဆိုသည်မှာ အမြန်လမ်းမကြီးတစ်လျှောက်နှင့် လမ်းဆုံ၊ လမ်းခွဲများတွင် အကွာအဝေးသိရှိစေရန် ဖော်ပြထားသည့် ဆိုင်းဘုတ်၊ လမ်းညွှန်ဆိုင်းဘုတ်၊ မော်တော်ယာဉ်များ အန္တရာယ်မဖြစ်စေရန်သတိပေးဆိုင်းဘုတ်နှင့် စည်းကမ်းတကျမောင်းနှင်သွားလာနိုင်ရေးအတွက် တားမြစ်ချက်ဆိုင်းဘုတ်များကို ဆိုသည်။

(ဌ) **ယာဉ်ရပ်နားစခန်း**ဆိုသည်မှာ မော်တော်ယာဉ်နှင့်ခရီးသည်များခေတ္တရပ်နားရန်သတ်မှတ်ထားသော ရပ်နားစခန်းကို ဆိုသည်။

(ဍ) **အမြန်လမ်းမကြီးအင်္ဂါရပ်များ**ဆိုရာတွင် အမြန်လမ်းမကြီးပေါ်တွင် ဖွဲ့စည်းပါဝင်သည့် လမ်းကွန်ရက်၊ ကူးပြောင်းလမ်း၊ လမ်းတာပေါင်၊ တံတား၊ ရေထုတ်ပြွန်၊ ယာဉ်သွားလမ်း၊ လမ်းပခုံး၊ လမ်းလယ်ကျွန်း၊ ရေမြောင်း၊ မိုင်တိုင် သို့မဟုတ် ကီလိုမီတာတိုင်၊ လမ်းနယ်တိုင်၊ လမ်းဆိုင်းဘုတ်၊ သတိပေးခြင်းဆိုင်ရာ အီလက်ထရောနစ်ကိရိယာ၊ ယာဉ်ရပ်နားစခန်း၊ ဆက်သွယ်ရေးလမ်း သို့မဟုတ် ကုန်ထုတ်လမ်း၊ အကာအကွယ်၊ လမ်းအသုံးပြုခကောက်ခံရေးစခန်း၊ အုပ်ချုပ်မှုနှင့်ထိန်းသိမ်းရေးစခန်းတို့ပါဝင်သည်။

(ဎ) **အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသော အမြန်လမ်းမကြီး အုပ်ချုပ်မှုကော်မတီကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမြန်လမ်းမကြီးများကို ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့်မော်တော်ယာဉ်များ သွားလာမှုကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းအသုံးပြုခ ကောက်ခံခြင်းတို့ကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(ခ) အမြန်လမ်းမကြီးများကိုအသုံးပြုသူများဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် လမ်းလုံခြုံမှုနှင့် သက်ဆိုင်သော ကိစ္စများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်၊

(ဂ) အမြန်လမ်းမကြီးများကိုအသုံးပြု၍ ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ် သက်သာကာ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝတိုးတက်ပြီး လူနေမှု အဆင့်အတန်းမြင့်မားလာစေရန်၊

(ဃ) အမြန်လမ်းမကြီးများကိုဒေသတွင်းနိုင်ငံများ၏ အမြန်လမ်းမကြီးများနှင့်ကွန်ရက်ချိတ်ဆက်ခြင်းဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်စေရန်။

## အခန်း (၃)
## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာနသည် အမြန်လမ်းမကြီးများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကိုဆောင်ရွက် ရမည် -

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများချမှတ်ခြင်း၊

(ခ) အမြန်လမ်းမကြီးများဖောက်လုပ်ရေးနှင့် လမ်းကွန်ရက်ပေါ်ထွန်းလာစေရေးတို့အတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းများနှင့်အထူးစီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးချင်းနိုင်ငံများနှင့်ဆက်သွယ်သည့်အမြန်လမ်းမကြီးများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ ဖောက်လုပ်ခြင်း၊

(ဃ) အမြန်လမ်းမကြီးများဆိုင်ရာ စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) အမြန်လမ်းမကြီးများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်း အခြားလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို လမ်းညွှန်ခြင်း၊

(စ) အမြန်လမ်းမကြီးများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စံချိန်စံညွှန်းနှင့်စည်းမျဉ်းသတ်မှတ်ခြင်း၊ သုတေသနပြုခြင်းအပါအဝင် အမြန် လမ်းမကြီးဆိုင်ရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) အမြန်လမ်းမကြီးများတစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စည်းကမ်းထိန်းသိမ်းရေးအတွက် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ဖွဲ့စည်းနိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် အမြန်လမ်းမကြီးဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၅။ ဝန်ကြီးဌာနသည် ဤဥပဒေကို အကောင်အထည်ဖော်ရန် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည် -

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမြန်လမ်းမကြီးအဖြစ် သတ်မှတ်ကြေညာခြင်း၊

(ခ) အမြန်လမ်းမကြီး၏ နယ်နိမိတ်၊ လမ်းအမည်၊ လမ်းအမှတ်၊ စတင်သည့်နေရာ၊ လမ်းဆုံးရောက်ရှိသည့်နေရာ၊ ဖြတ်သန်းသွားသည့်နေရာများ၊ အမြန်လမ်းမကြီးပေါ်သို့ ဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းခြင်း ပြုနိုင်သည့်နေရာများ၊ လမ်းအသုံးပြုခကောက်ခံမည့်နေရာများ၊ ယာဉ်ရပ်နားစခန်းနေရာများနှင့် အခြားလိုအပ်သည်တို့ကို သတ်မှတ်ကြေညာခြင်း၊

(ဂ) အမြန်လမ်းမကြီးများ ဖောက်လုပ်ရန်၊ ထိန်းသိမ်းပြုပြင်ရန်နှင့် တိုးချဲ့ရန် လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) အမြန်လမ်းမကြီးများ ထိန်းသိမ်းပြုပြင်ရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ပြည်တွင်းပြည်ပစီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပဋိညာဉ်ချုပ်ဆို၍ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(စ) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်းနှင့် တိုးချဲ့ခြင်းတို့ပြုလုပ်ရာတွင် မြေသိမ်းယူခြင်းနှင့် အဆောက်အအုံ ဖယ်ရှားခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းဆောင်ရွက်ရာတွင် အသုံးပြုရန် လိုအပ်သည့် ယာဉ်ယန္တရားနှင့်စက်ကိရိယာပစ္စည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ပမှ မှာယူတင်သွင်းခြင်း၊

(ဇ) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာဖလှယ်ခြင်းနှင့် အထောက်အပံ့အကူအညီရရှိရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အမြန်လမ်းမကြီးများဖောက်လုပ်နိုင်ရေးအတွက် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေးသက်ရောက်မှုများကို ဆန်းစစ်စေခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့နှင့် စပ်လျဉ်း၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဋ) အမြန်လမ်းမကြီးဆိုင်ရာ ကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ အဆင့်တို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း။

၆။ ဝန်ကြီးဌာနသည် -

(က) ပြည့်စုံကောင်းမွန်သော လမ်းကွန်ရက်ဖြစ်ပေါ်စေရေး၊ အမြန်လမ်းမကြီးစီမံကိန်းများ အကောင်အထည်ဖော်ရန် အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာန၏လက်အောက်တွင် ဖွဲ့စည်းနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီကိုဖွဲ့စည်းရာတွင် ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတစ်ဦး ဥက္ကဋ္ဌအဖြစ်ပါဝင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့် ကိုယ်စားလှယ်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သက်ဆိုင်ရာအရာထမ်းများ၊ ပြည်ထောင်စုအဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြင်ပပညာရှင်များနှင့် ဖွဲ့စည်းနိုင်သည်။

(ဂ) အမြန်လမ်းမကြီး အုပ်ချုပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ပေးနိုင်သည်။

## အခန်း (၄)
## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာနက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများ၊ အဆင့်မြှင့်တင်ခြင်းများနှင့် ထိန်းသိမ်းပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ နှစ်တို၊ နှစ်ရှည် စီမံချက်များ၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) အမြန်လမ်းမကြီးများဆိုင်ရာ စီမံကိန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) အမြန်လမ်းမကြီးများ ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းပြုပြင်ခြင်း၊

(င) အမြန်လမ်းမကြီးများ၏ နယ်နိမိတ်အတွင်းသတ်မှတ်သည့် အပင်များစိုက်ပျိုးခြင်းနှင့်အန္တရာယ်ရှိသော အပင်များကို ရှင်းလင်းခြင်း၊ အများပြည်သူသွားလာရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(စ) သက်ဆိုင်ရာ အမြန်လမ်းမကြီးများ၏ လမ်းအသုံးပြုခနှုန်းထားများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ကြေညာခြင်း၊

(ဆ) အမြန်လမ်းမကြီးများ၏ လမ်းအကျယ်၊ လမ်းပခုံးအကျယ်၊ လမ်းနယ်အကျယ်သတ်မှတ်ချက်ကို ကြေညာခြင်းနှင့် သက်ဆိုင်ရာ အမြန်လမ်းမကြီး အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်မှု ရှိ မရှိ စိစစ်ကြီးကြပ်ခြင်း၊

(ဇ) အမြန်လမ်းမကြီးများကို တိုးချဲ့ရာတွင်လည်းကောင်း၊ ထိန်းသိမ်းပြုပြင်ရာတွင်လည်းကောင်း လမ်းမကြီးပေါ်၌ ဖြတ်သန်းသွားလာမှုကို ယာယီအစီအစဉ်အရပိတ်ခြင်း၊ အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် လမ်းပိတ်ထားစဉ်တွင်သွားလာရန် လမ်းလွှဲဖောက်လုပ်ခြင်း၊

(ဈ) အမြန်လမ်းမကြီးများကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်းများအတွက် စိစစ်ခွင့်ပြုခြင်း၊

(ည) အမြန်လမ်းမကြီးများ ပျက်စီးခြင်းမှ ကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များထုတ်ပြန်ခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူစေရန် ဆောင်ရွက်ခြင်း၊

(ဋ) အမြန်လမ်းမကြီးများပေါ်တွင် မောင်းနှင်ခွင့်မပြုသည့် ယာဉ်များကို သတ်မှတ်ကြေညာခြင်း၊

(ဌ) အမြန်လမ်းမကြီးများပေါ်တွင် မော်တော်ယာဉ်များ မောင်းနှင်ရမည့် အမြန်နှုန်းများကို သတ်မှတ်ကြေညာခြင်း၊

(ဍ) အမြန်လမ်းမကြီးများ၌ ယာဉ်မတော်တဆ ထိခိုက်မှုများ လျော့နည်းစေရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဎ) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့နှင့်စပ်လျဉ်း၍ အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အချိန်နှင့်တစ်ပြေးညီ သတိပေးခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း။

## အခန်း (၅)
## စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များ

၈။ အမြန်လမ်းမကြီးများကို အသုံးပြုရာတွင် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) အမြန်လမ်းမကြီးသို့ ဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းသွားလာခြင်းပြုနိုင်ရန် သတ်မှတ်ထားသည့် နေရာများတွင် လမ်းမကြီးနှင့်ဆက်သွယ်တည်ဆောက်ထားသည့် ကူးပြောင်းလမ်းများမှ တစ်ဆင့်သာ ဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းသွားလာခွင့်ပြုခြင်း၊

(ခ) အမြန်လမ်းမကြီး၏ တစ်ဖက်မှအခြားတစ်ဖက်သို့ ဖြတ်သန်းသွားလာရာတွင် သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း ဖြတ်သန်းသွားလာခြင်း၊

(ဂ) အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်ချက်များနှင့် ကိုက်ညီသော မော်တော်ယာဉ်များသာ မောင်းနှင်ခြင်း၊

(ဃ) အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အခါအားလျော်စွာ သတ်မှတ်သည့် အမြန်လမ်းမကြီးနှင့်သက်ဆိုင်သော စည်းကမ်းချက်များကို လိုက်နာခြင်း။

၉။ အမြန်လမ်းမကြီးပေါ်၌ လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသော မော်တော်ယာဉ်များမှအပ အခြားမော်တော်ယာဉ်များသည် -

(က) အမြန်လမ်းမကြီး အုပ်ချုပ်မှုကော်မတီ သို့မဟုတ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက သတ်မှတ်သည့် အမြန်နှုန်းအတွင်းသာ မောင်းနှင်ရမည်၊

(ခ) လိုအပ်သည့်နေရာများ၊ လမ်းအကွေ့နေရာများတွင် သတိပေးညွှန်ပြထားသည့် သတ်မှတ်အမြန်နှုန်းအတွင်းသာ မောင်းနှင်ရမည်၊

(ဂ) ရာသီဥတု ဆိုးရွား၍ဖြစ်စေ၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်ဖြစ်စေ မြင်ကွင်းမကောင်းသည့် အခါများတွင် ဘေးအန္တရာယ်ကင်းရှင်းနိုင်သည့် သတ်မှတ်အမြန်နှုန်းထက် ပိုမမောင်းရ။

## အခန်း (၆)
## ယာဉ်ရပ်နားစခန်းများ

၁၀။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် အမြန်လမ်းမကြီး နယ်နိမိတ်နှင့် ဆက်စပ်ဧရိယာအတွင်းတွင် -

(က) ယာဉ်ရပ်နားစခန်းကို တည်ဆောက်ခြင်း၊ တည်ဆောက်စေခြင်းပြုနိုင်သည်၊

(ခ) ယာဉ်ရပ်နားစခန်းများတွင် ရုံး၊ မော်တော်ယာဉ်ပြင်အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ စားသောက်ဆိုင်၊ ဈေးဆိုင်၊ နားနေခန်းနှင့် ယာဉ်ရပ်နားစခန်းအတွက် လိုအပ်သည့် အဆောက်အအုံများကို တည်ဆောက်ခြင်း၊ တည်ဆောက်ခွင့်ပြုခြင်း၊ ယင်းတို့ကို စီမံခန့်ခွဲခြင်း၊ စည်းကမ်းချက်များ သတ်မှတ်ခြင်းပြုနိုင်သည်၊

(ဂ) မိမိ၏ ဝန်ထမ်းများနေထိုင်ရန် အိမ်ရာများ၊ အဆောက်အအုံများ ဆောက်လုပ်နိုင်သည်။

၁၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် အမြန်လမ်းမကြီး နယ်နိမိတ်ပြင်ပတွင် ယာဉ်ရပ်နားစခန်း အဆောက်အအုံများအပါအဝင် အမြန်လမ်းမကြီးနှင့် သက်ဆိုင်သည့် အဆောက်အအုံများဆောက်လုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ အခကြေးငွေကောက်ခံခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေကောင်စီတို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၇)
## ကင်းလွတ်ခွင့်များ

၁၂။ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်နှင့် အရေးပေါ်ကိစ္စရပ်များအတွက် အသုံးပြုသည့် ယာဉ်များသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက သီးခြားသတ်မှတ်သည့် အန္တရာယ်မဖြစ်နိုင်သည့် အမြန်နှုန်းအတွင်း မောင်းနှင်ခွင့်ရှိသည်။

၁၃။ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်ခွင့်မပြုသည့် မော်တော်ယာဉ်၊ လူညီးနှင့် ဖြတ်သန်းသွားလာခွင့်မပြုသည့် အခြားယာဉ်များ မောင်းနှင်ခြင်း၊ သို့မဟုတ် ရပ်နားခြင်း၊ လူ၊ တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်းကြောင့် လူနှင့် ပစ္စည်းထိခိုက်မှု သို့မဟုတ် သေဆုံးမှုဖြစ်ပေါ်ပါက ဥပဒေနှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာ၍ မောင်းနှင်သည့် မော်တော်ယာဉ်၏ ယာဉ်မောင်းတွင် တာဝန်မရှိစေရ။

## အခန်း (၈)
## တားမြစ်ချက်များ

၁၄။ အမြန်လမ်းမကြီးပေါ်တွင် လမ်းလုပ်ငန်းဆောင်ရွက်သည့် လုပ်သားများ၊ တာဝန်ယူကြီးကြပ်သူများ၊ မောင်းနှင်ခွင့်ပြုထားသည့် မော်တော်ယာဉ်များသွားလာခြင်းမှအပ မည်သူမျှခြေလျင်သွားခြင်း၊ စက်ဘီး သို့မဟုတ် မော်တော်ဆိုင်ကယ်စီးနင်းသွားလာခြင်း၊ ထော်လာဂျီကဲ့သို့ အနှေးယာဉ်ဖြင့်သွားလာခြင်း၊ လှည်းနှင့် တိရစ္ဆာန်များအပါအဝင် အခြားတားမြစ်သည့် ယာဉ်များသွားလာခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းခြင်း၊ သွားလာခြင်း၊ နားနေခြင်းမပြုရ။

၁၅။ မည်သူမျှ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုရ -

(က) အမြန်လမ်းမကြီး အင်္ဂါရပ်များကို ပျက်စီးစေခြင်း၊

(ခ) အမြန်လမ်းမကြီး အင်္ဂါရပ်များကိုဖယ်ရှားခြင်း သို့မဟုတ် ယာဉ်သွားလာမှုကိုအဟန့်အတားဖြစ်စေခြင်း၊

(ဂ) အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်ခြင်း၊

(ဃ) အမြန်လမ်းမကြီးကို အသုံးပြုသွားလာနေသော မော်တော်ယာဉ်များနှင့် စီးနင်းလိုက်ပါလာသူများကို အန္တရာယ်ဖြစ်စေခြင်း။

၁၆။ မည်သူမျှ ဝန်ကြီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုရ -

(က) အမြန်လမ်းမကြီးကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(ခ) အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊

(ဂ) အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း၊ မြေတူးယူခြင်း။

၁၇။ မည်သူမျှ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုရ -

(က) အမြန်လမ်းမကြီးဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ခ) အမြန်လမ်းမကြီးများပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုရန် သတ်မှတ်ထားသည့် ယာဉ်၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါယာဉ်ကို ခွင့်ပြုချက်မရှိဘဲ မောင်းနှင်ခြင်း၊

(ဂ) အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း အမြန်လမ်းမကြီး အုပ်ချုပ်မှုကော်မတီနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်သီးနှံစိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အန္တရာယ်ရှိသည်ဟု သတ်မှတ်သော သစ်ပင်များကို ရှင်းလင်းခြင်းနှင့် လမ်းတိုးချဲ့ရန်အတွက် သစ်ပင်များကို ရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ဃ) အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း။

## အခန်း (၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၈။ မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၁၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်သိန်း ၂၀ အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမြန်လမ်းမကြီးဆိုင်ရာ ပစ္စည်းပျက်စီးဆုံးရှုံးမှုရှိပါက ပစ္စည်းပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည်။

၂၀။ မည်သူမဆို ပုဒ်မ ၁၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမြန်လမ်းမကြီးဆိုင်ရာ ပစ္စည်းပျက်စီးဆုံးရှုံးမှုရှိပါက ပစ္စည်းပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည့်အပြင် အမြန်လမ်းမကြီး ဆိုင်ရာ ပစ္စည်းပျက်စီးဆုံးရှုံးမှုရှိပါက ပစ္စည်းပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည်။

၂၂။ မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်တစ်ခုခုပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ဆန့်ကျင်လျှင် ထိုပြစ်မှုအတွက် သီးခြားပြစ်ဒဏ် ပြဋ္ဌာန်းမထားပါက ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမြန်လမ်းမကြီးဆိုင်ရာ ပစ္စည်းပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည်။

## အခန်း (၁၀)
## အထွေထွေ

၂၃။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုသည် မိမိဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းလိုအပ်ချက်အရ အမြန်လမ်းမကြီးကို ဖြတ်သန်း၍ မြေပေါ် မြေအောက်တွင် ပိုက်လိုင်းဆက်သွယ်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းဆက်သွယ်ခြင်း၊ ဆက်သွယ်ရေးလိုင်းများဆက်သွယ်ခြင်းနှင့်မြောင်းဖောက်လုပ်ခြင်းများ ပြုလုပ်လိုပါက ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်း၍ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

၂၄။ ဤဥပဒေပုဒ်မ ၁၈၊ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ ပါပြစ်မှုများကို ရဲအရေးပိုင်သောပြစ်မှုများအဖြစ်သတ်မှတ်သည်။

၂၅။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့သည် ဤဥပဒေပါ ပြစ်မှုများမဖြစ်ပွားရေး အတွက် အသိပညာပေးရေး၊ တားဆီးကာကွယ်ရေး၊ စောင့်ကြည့်လေ့လာရေးနှင့် ပြစ်မှုများဖြစ်ပွားပါက ဥပဒေနှင့်အညီ အရေးယူရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်။

၂၆။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် အမြန်လမ်းမကြီးများနှင့်စပ်လျဉ်း၍ အမြန်လမ်းမကြီး အုပ်ချုပ်မှု ကော်မတီကို တာဝန်ခံရမည်။

၂၇။ ဤဥပဒေအရ အမြန်လမ်းမကြီးလုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ ခန့်အပ်သည့် သို့မဟုတ် တာဝန် ပေးအပ်ထားသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များသည် အမြန်လမ်းမကြီးဆိုင်ရာ လုပ်ငန်းတာဝန်များ ထမ်းဆောင်နေသည့်အချိန်တွင် ပြည်သူ့ဝန်ထမ်းဟု မှတ်ယူရမည်။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

(ဂ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## အမိန့်ကြော်ငြာစာ (၁၁/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဦးစီးအရာရှိများအား လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) သို့ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး ယှဉ်တွဲဖော်ပြပါ ဌာနခွဲများတွင် တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | ဌာနခွဲ |
|---|---|---|
| ၁ | ဒေါ်လှလှဝင်း | ရုံးအဖွဲ့၊ အဖွဲ့ခွဲ (၁) |
| ၂ | ဒေါ်ချစ်အေးအေးကြည် | ဝန်ထမ်းရေးရာဌာနခွဲ |
| ၃ | ဒေါ်မေကျော့မှူး | လုပ်ထုံးဌာနခွဲ |
| ၄ | ဒေါ်ချိုမာဌေး | သုတေသနနှင့်လေ့ကျင့်ဌာနခွဲ |
| ၅ | ဒေါ်နှင်းဖြူဝင်း | သုတေသနနှင့်လေ့ကျင့်ဌာနခွဲ |
| ၆ | ဒေါ်ခိုင်ဇာသွယ် | သတင်းအချက်အလက်၊ နည်းပညာနှင့်မှတ်တမ်းဌာနခွဲ |
| ၇ | ဒေါ်မွန်မွန်စံ | ဥပဒေဌာနခွဲ |
| ၈ | ဒေါ်ကြည်ကြည်ခင် | တရားစီရင်ရေးဌာနခွဲ |
| ၉ | ဒေါ်စုဝါထွေး | တရားစီရင်ရေးဌာနခွဲ |

မြသိန်း

ဥက္ကဋ္ဌ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## ၂၀၁၅ ခုနှစ်၊ တင်သွင်းလွှာအမှတ် - ၁

ခုံရုံး ဥက္ကဋ္ဌ ဦးမြသိန်း၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်ဝင်း၊ ဦးသန်းကျော်၊ ဒေါ်လှမျိုးနွယ်၊ ဦးမြသိန်း၊ ဒေါက်တာ သီတာဦး၊ ဦးတင်မြင့်၊ ဒေါ်ကျင်စန်းနှင့် ဦးမျိုးချစ်တို့ရှေ့တွင် -

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက်

| | |
|---|---|
| တင်သွင်းလွှာတင်သွင်းသူ | အမျိုးသားလွှတ်တော်ကိုယ်စားလှယ်<br>ဒေါက်တာအေးမောင်ပါ ၂၄ ဦး |
| အကျိုးသက်ဆိုင်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများ | ၁။ ပြည်ထောင်စုအစိုးရအဖွဲ့<br>၂။ နာယက၊ ပြည်ထောင်စုလွှတ်တော်<br>၃။ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်<br>၄။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| တင်သွင်းလွှာတင်သွင်းသူအတွက် | ဦးခင်နု<br>တရားလွှတ်တော်ရှေ့နေ |
| လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအတွက် | ဦးမောင်မောင်သန်း<br>ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |

## အပြီးသတ်ဆုံးဖြတ်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (က) ပါ "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့် နေ့ရက်တွင် အသက် (၁၈) နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့်ယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်ထားသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးခွင့်ရှိသူ တိုင်းကို မဲစာရင်းတွင်ထည့်သွင်းရမည်" ဟူသောပြဋ္ဌာန်းချက်တွင်ပါရှိသည့် စကားရပ်များအနက် ယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်သူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်ဟူသော ပြဋ္ဌာန်းချက်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် ညီညွတ်မှုရှိ မရှိ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်ချမှတ်ပေးပါရန် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော (၁) ဒေါက်တာအေးမောင်၊ (၂) ဦးကျော်ကျော်၊ (၃) ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ (၄) ဦးပေါလ်ထန်ထိုင်း၊ (၅) ဦးစောအောင်ကျော်နိုင်၊ (၆) ဦးခင်မောင်လတ်၊ (၇) ဦးအုန်းတင်၊ (၈) ဦးစိုင်းမြမောင်၊ (၉) ဦးဝှေယိန်း၊ (၁၀) ဦးအောင်ကြည်ညွန့်၊ (၁၁) ဒေါက်တာကျော်သိန်း၊ (၁၂) ဦးစိုင်းစံမင်း၊ (၁၃) ဦးမင်းဦး၊ (၁၄) ဒေါ်ခင်ဝိုင်းကြည်၊ (၁၅) ဦးမန်းအောင်တင်မြင့်၊ (၁၆) ဦးစောသောင်းဖေ၊ (၁၇) ဦးနိုင်ထွန်းအုံ၊ (၁၈) ဒေါက်တာ ဗညားအောင်မိုး၊ (၁၉) ဦးသိမ်းဆွေ၊ (၂၀) ဦးကျော်ထွန်းအောင်၊ (၂၁) ဦးမင်းမျိုးတင့်လွင်၊ (၂၂) ဦးမောင်အေးထွန်း (၂၃) ဦးဖုန်းမြင့်အောင်နှင့် (၂၄) ဦးသာခင်တို့က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ လျှောက်ထားခြင်းဖြစ်သည်။

တင်သွင်းလွှာတွင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄ တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်ဟူ၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ (က) တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့်ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၆၉ ပုဒ်မခွဲ (က) တွင် နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားကြောင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၁ ပုဒ်မခွဲ (က) တွင် ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့ရက်၌ အသက် (၁၈)နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသောနိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့် ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ (က) တွင် နိုင်ငံသားတိုင်းသည် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်း ထားရာ ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူ ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်အရ ဆန္ဒမဲပေးခွင့် ရှိသူများမဟုတ်ဘဲ နိုင်ငံသားများသာဖြစ်သည်ဟု လျှောက်ထားသူများက နားလည်သဘောပေါက်ကြပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေးပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က) ပါ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်တွင် အသက် (၁၈) နှစ်ပြည့်ပြီးဖြစ်သည့်နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့်ယာယီသက်သေခံ လက်မှတ် ကိုင်ဆောင်ထားသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်ဟူသော ပြဋ္ဌာန်းချက်ကို ပြည်ထောင်စုလွှတ်တော်က ၂-၂-၂၀၁၅ ရက်နေ့တွင် အတည်ပြုဆုံးဖြတ်ခဲ့ပြီး ဥပဒေအဖြစ်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူသည် ဆန္ဒမဲပေးခွင့် ရှိသည်ဟူသော ပြဋ္ဌာန်းချက်တစ်စုံတစ်ရာမပါရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈ ပုဒ်မခွဲ (က)တွင် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်သည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံ အခြေခံဥပဒေအတိုင်း လိုက်နာကျင့်သုံးရမည်ဟူ၍ပြဋ္ဌာန်းထားပါကြောင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ တွင် တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်ကပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်ဟူ၍ပြဋ္ဌာန်းထားပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၅ ပုဒ်မခွဲ (က) တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘ နှစ်ပါးမှမွေးဖွားသူ၊ ပုဒ်မခွဲ (ခ) တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသား

ဖြစ်ပြီးသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည်ဟုပြဋ္ဌာန်းထားပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က)တွင်ပါရှိသော "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်တွင် အသက် (၁၈) နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့်ယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်ထားသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးခွင့် ရှိသူတိုင်းကို မဲစာရင်းတွင်ထည့်သွင်းရမည်။" ဟူသော စကားရပ်များအနက် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူသည် ဆန္ဒမဲပေးခွင့်ရှိသည်ဆိုသော ပြဋ္ဌာန်းချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်နေသည်ဟုယူဆပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၉ တွင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်ဟု ပြဋ္ဌာန်းထားရာ ဖွဲ့စည်းပုံ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များကိုသာလိုက်နာရမည်ဟုလျှောက်ထားသူများက နားလည်သဘောပေါက်ကြ ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (က) တွင် ပါရှိသော "ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများသည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်" ဟူသော ပြဋ္ဌာန်းချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်ချပေးပါရန် ဤတင်သွင်းလွှာကိုလျှောက်ထားရခြင်းဖြစ်ပါသည်ဟု ဖော်ပြထားပါသည်။

ခုံရုံးကတင်သွင်းလွှာနှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများဖြစ်သော ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနများသို့ အကြောင်းကြားခဲ့ရာ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌတို့က သဘောထားပေးရန်မရှိပါကြောင်း ပြန်ကြားသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တင်သွင်းလွှာနှင့်စပ်လျဉ်း၍ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးနည်းဥပဒေများ နည်းဥပဒေ ၂ နည်းဥပဒေခွဲ (င) အရ ယာယီသက်သေခံလက်မှတ်ဆိုသည်မှာ သက်သေခံကတ်ပြားအစားထုတ်ပေး၍ သတ်မှတ်ထားသော ကာလ အပိုင်းအခြားအတွက်သာလျှင် အတည်ဖြစ်သော မည်သူဖြစ်ကြောင်း သက်သေခံလက်မှတ်ကိုဆိုလိုပါကြောင်း၊ နည်းဥပဒေ ၁၃ နည်းဥပဒေခွဲ (၁) (ဂ) တွင် မှတ်ပုံတင်အရာရှိချုပ်က ယေဘုယျ သို့တည်းမဟုတ် အထူးအမိန့်ဖြင့် သီးခြားဖော်ပြသည့် အခြားအကြောင်းများရှိလျှင် စာရင်းထိန်းက ယာယီသက်သေခံလက်မှတ်များကို ထုတ်ပေး နိုင်သည်ဟူသော ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများအနက် မည်သည့်ကတ်ပြားမျှ ကိုင်ဆောင်ထားခြင်းမရှိသူများ၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရန် ကျန်ရှိနေသူများ၊ နိုင်ငံသား စိစစ်ရာတွင် အထောက်အထားမပြည့်စုံမှုကြောင့် နိုင်ငံသားအရည်အချင်းစိစစ်၍ မရသေးသူများနှင့် ၁၉၄၈ ခုနှစ်၊ နိုင်ငံခြားသားမှတ်ပုံတင်ရေးနည်းဥပဒေအရနိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ရန် အကျုံးမဝင်သူ များကို မြန်မာနိုင်ငံအတွင်းနေထိုင်သူများဖြစ်ကြောင်းသက်သေခံအဖြစ် ယာယီသက်သေခံလက်မှတ်အားထုတ်ပေး ထားခြင်းဖြစ်ပါ၍ ဥပဒေနှင့်အညီထုတ်ပေးထားခြင်းဖြစ်ပါကြောင်း၊ လက်ရှိထုတ်ပေးထားသော ယာယီသက်သေခံ လက်မှတ် Temporary Identity Certificate သည် အဖြူရောင်ဖြစ်၍ လူအများက White Card ဟု အလွယ်တကူ ခေါ်ဆိုနေကြခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်တွင် နိုင်ငံတော်၏ လိုအပ်ချက်အရ ၁၉၉၅ ခုနှစ်မှစ၍ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေများ နည်းဥပဒေ ၃၂ အရ ထုတ်ပေးထားခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်ထားသူအများစုတို့သည် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီလူမျိုးများဖြစ်ပြီး မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်နိုင်ရေးအတွက် အကြိမ်ကြိမ်ဆောင်ရွက်ပေးခဲ့သော်လည်း လာရောက်လျှောက်ထားမှုမရှိဘဲ ယာယီ သက်သေခံလက်မှတ်ဖြင့်သာ နေထိုင်လျက်ရှိနေကြသဖြင့် ယင်းတို့အား မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသား စိစစ်ရေးလုပ်ငန်းစဉ်များတွင်ပါဝင်၍ နိုင်ငံသားစိစစ်မှုခံယူလာစေရန်နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသော မိုးပွင့်အထူးစီမံချက်လုပ်ငန်းဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများအား အရှိန် အဟုန်ဖြင့် ပိုမိုအားဖြည့်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ နိုင်ငံတော်သမ္မတရုံး၏ ၁၁-၂-၂၀၁၅ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၁၉/၂၀၁၅ ဖြင့် ယာယီသက်သေခံလက်မှတ် သက်တမ်းသတ်မှတ်ခြင်းနှင့် သက်တမ်း ကုန်ဆုံးသည့်လက်မှတ်များအပ်နှံရေးအစီအစဉ်အား ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ ထိုသို့ သက်တမ်းကုန်ဆုံးသည့်

ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူများသည် တည်ဆဲဥပဒေများနှင့်အညီ လက်မှတ်အား ပြန်လည်အပ်နှံပြီးပါက ၎င်းတို့၏ဆန္ဒဖြင့် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်ပေးရန်လျှောက်ထားခွင့်ရှိပြီး မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ်ရရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယာယီသက်သေခံလက်မှတ်သည် တည်ဆဲနည်းဥပဒေဖြစ်သော ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးနည်းဥပဒေများနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူဖြစ်ကြောင်း သက်သေခံအဖြစ်ထုတ်ပေးထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်မှုခံယူပြီးမှသာ နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် သတ်မှတ်နိုင်မည်ဖြစ်ပါကြောင်း၊ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူများ၏ မဲပေးခွင့် ရှိ မရှိနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ ရွေးကောက်ပွဲဥပဒေများနှင့်သာ သက်ဆိုင်ပြီး မိမိလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် သက်ဆိုင်ခြင်းမရှိသည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အေးမောင်ပါ (၂၄) ဦးတို့က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်ရယူလာခြင်းအပေါ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် သီးခြားသဘောထားမှတ်ချက်ပြုရန်မရှိပါကြောင်း ပြန်ကြားလာပါသည်။

ဤတင်သွင်းလွှာတွင် ဆုံးဖြတ်ရမည့်အဓိကအကြောင်းအရာမှာ -"ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်" ဟူသောပြဋ္ဌာန်းချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိဆိုသည့် အကြောင်းအရာဖြစ်ပါသည်။

တင်သွင်းလွှာနှင့်စပ်လျဉ်း၍ တင်သွင်းလွှာ တင်သွင်းသူများ၏ တရားဝင်ကိုယ်စားလှယ် တရားလွှတ်တော်ရှေ့နေ ဦးခင်နုက လျှောက်လဲတင်ပြရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကိုပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၏ အခန်း (၅) မဲစာရင်းများပြုစုခြင်းခေါင်းစဉ်အောက်ရှိ ပုဒ်မ ၁၁ (က) တွင် -"ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် အသက် (၁၈) နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးခွင့်ရှိသူတိုင်းကို မဲစာရင်းတွင် ထည့်သွင်းရမည်" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၉) ရွေးကောက်တင်မြှောက်ခြင်း ခေါင်းစဉ်အောက်ရှိ ပုဒ်မ ၃၉၁ တွင် "လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင် (က) ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ အသက် ၁၈ နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသောနိုင်ငံသားနှင့်ဥပဒေအရဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ယာယီသက်သေခံလက်မှတ်သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူဖြစ်ကြောင်း သက်သေခံအထောက်အထားအဖြစ် ထုတ်ပေးခြင်းဖြစ်ပါကြောင်း၊ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများ နည်းဥပဒေ ၂ (င) တွင် ယာယီသက်သေခံလက်မှတ်ဆိုသည်မှာ သက်သေခံကတ်ပြားအစားထုတ်ပေး၍ သတ်မှတ်ထားသောကာလ အပိုင်းအခြားအတွက်သာလျှင်အတည်ဖြစ်သော မည်သူဖြစ်ကြောင်း သက်သေခံလက်မှတ်ကို ဆိုလိုသည်ဟု ဖွင့်ဆိုထားပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများအနက် မည်သည့်ကတ်ပြားမျှ ကိုင်ဆောင်ထားခြင်းမရှိသူများ၊ မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်ရာတွင် အထောက်အထားမပြည့်စုံမှုကြောင့် နိုင်ငံသားအရည်အချင်းစိစစ်၍မရနိုင်သေးသူများ၊ ၁၉၄၈ ခုနှစ်၊ နိုင်ငံခြားသားမှတ်ပုံတင်ရေးနည်းဥပဒေအရ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ရန် အကျုံးမဝင်သူများ စသည့် ပုဂ္ဂိုလ်များကို မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာအတွင်းရောက်ရှိနေထိုင်သူများဖြစ်ကြောင်း သက်သေခံအဖြစ် သက်ဆိုင်ရာမှ ယာယီသက်သေခံလက်မှတ် ထုတ်ပေးခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁) နိုင်ငံတော်၏အခြေခံမူများ ပုဒ်မ ၄ တွင် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးပြီး တည်ဆဲအခြား ဥပဒေအားလုံး၏ မိခင်ဥပဒေကြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အချုပ်အခြာအာဏာကိုဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရာတွင်လည်းကောင်း၊ ပြင်ဆင်ရာတွင်လည်းကောင်း၊ အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်အစစ်များဖြစ်ကြသော နိုင်ငံသားအရည်အချင်းပြည့်စုံသူများသာပါဝင်ခွင့်ရှိသင့်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ (က) နှင့် ပုဒ်မ ၃၆၉ (က) တို့တွင် နိုင်ငံသားတိုင်းဟု အစပျိုးဝိသေသပြုထားသည်ဖြစ်၍ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့သည် နိုင်ငံသားများနှင့်သာ သက်ဆိုင်သော အရေးအရာဖြစ်သည်ဟု တွေ့ရှိနိုင်ပါကြောင်း လျှောက်လဲသည်။

ထို့ပြင် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၃ တွင် နိုင်ငံတော်တွင်ပါဝင်သောနယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ်မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့်တိုင်းရင်းသားများနှင့်မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားများ ဖြစ်သည်ဟုပြဋ္ဌာန်းထားပါကြောင်း၊ ပုဒ်မ ၅ တွင် တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည်လည်းကောင်း မွေးရာပါနိုင်ငံသားဖြစ်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံသားဥပဒေပုဒ်မ ၂၄ တွင် ဧည့်နိုင်ငံသားအဖြစ် ဗဟိုအဖွဲ့ကသတ်မှတ်သူသည် ပြည်ထဲရေးဝန်ကြီးဌာန၏သတ်မှတ်သည့်အဖွဲ့အစည်း ရှေ့သို့ ကိုယ်တိုင်လာရောက်ပြီး နိုင်ငံတော်၏သစ္စာကိုခံယူကြောင်း၊ နိုင်ငံတော်၏ဥပဒေများကို ရိုသေလိုက်နာမည် ဖြစ်ကြောင်း၊ သတ်မှတ်ထားသော တာဝန်နှင့် အခွင့်အရေးများကိုသိရှိကြောင်းစာဖြင့်ရေးသား၍ ကတိသစ္စာပြုရ မည်ဟုလည်းကောင်း၊ ပုဒ်မ ၄၆ (က) တွင် နိုင်ငံသားပြုခွင့်ရသူအဖြစ် ဗဟိုအဖွဲ့ကသတ်မှတ်သူသည် ပြည်ထဲရေး ဝန်ကြီးဌာန၏ သတ်မှတ်သည့် အဖွဲ့အစည်းရှေ့သို့ ကိုယ်တိုင်လာရောက်ပြီး နိုင်ငံတော်၏သစ္စာကိုခံယူကြောင်း၊ နိုင်ငံတော်၏ဥပဒေများကို ရိုသေလိုက်နာမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသောတာဝန်နှင့် အခွင့်အရေးများကို သိရှိကြောင်း၊ စာဖြင့်ရေးသား၍ ကတိသစ္စာပြုရမည်ဟုလည်းကောင်း ပြဋ္ဌာန်းပါရှိပါကြောင်း၊ နိုင်ငံသားဥပဒေ ပုဒ်မ ၃၀ (ဂ) အရ ဧည့်နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်ကောင်စီကအခါအားလျော်စွာ သတ်မှတ်ထားသော အခွင့်အရေးများမှအပ နိုင်ငံသား အခွင့်အရေးများကိုခံစားခွင့်ရှိပါကြောင်း၊ နိုင်ငံသားဥပဒေပုဒ်မ ၅၃ (ဂ) အရ နိုင်ငံသားပြုခွင့်ရသူတစ်ဦးသည်လည်း အလားတူခံစားခွင့်ရှိပါကြောင်း၊ နိုင်ငံတော်အတွက် အလွန်အရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းစဉ်ကြီးတွင် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေမည် ဖြစ်ကြောင်း၊ ကတိသစ္စာပြုထားခြင်းမရှိသော ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများကို နိုင်ငံသား တစ်ဦး၏အမြင့်ဆုံးရပိုင်ခွင့်ဖြစ်သောဆန္ဒမဲပေးခွင့်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၊ ပုဒ်မ ၃၈ (က)၊ ပုဒ်မ ၃၆၉ (က) ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေပါကြောင်း လျှောက်လဲတင်ပြသည်။

ထို့ပြင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေတွင် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူများအဖြစ် သတ်မှတ်ပြဋ္ဌာန်းခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ သဘောထားကို ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ (၁၆-၂-၂၀၁၅) တွင် ပြည်ထောင်စုလွှတ်တော်နာယကမှ ဖတ်ကြားတင်ပြရာတွင် ယာယီ သက်သေခံလက်မှတ်ဆိုသည်မှာ အကြောင်းတစ်ရပ်ရပ်အရ အချိန်ကာလတစ်ခုအတွက် ယာယီထုတ်ပေးခြင်းသာ ဖြစ်သဖြင့် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများသည် စိစစ်မှုခံယူရဦးမည့်သူများဖြစ်ပါကြောင်း၊ ယင်းအခြေအနေတွင် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများအား နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဖော်ဆောင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၌ပါဝင်ခွင့်ပြုမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၊ ပုဒ်မ ၃၈ (က)၊ ပုဒ်မ ၃၉၁ ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းနေမည်ဖြစ်ပါကြောင်း၊ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူများအဖြစ် ပြဋ္ဌာန်းထားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်းစသည်ဖြင့် ဖော်ပြပါရှိသည်ကို (၁၇-၂-၂၀၁၅) ရက်နေ့ထုတ် ကြေးမုံသတင်းစာနှင့်မြန်မာ့အလင်းသတင်းစာတို့တွင် လေ့လာသိရှိရပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆ အရ တည်ဆဲဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှသာ အတည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၈ အရ ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်အခြေခံမူများနှင့်ညီညွတ်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင်ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေပုဒ်မ ၁၁ (က)ပါ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည် ဟူသောပြဋ္ဌာန်းချက်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံသားအခွင့်အရေးများ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်နေသည်ဟု လျှောက်ထားသူများက ယူဆပါသောကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေပုဒ်မ ၁၁ (က) တွင် ပါရှိသော ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်ဟူသော ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ ဆုံးဖြတ်ချက်ချမှတ်ပေးပါရန် လျှောက်လဲတင်ပြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ဌာန၏သဘောထားပြန်ကြားစာအတိုင်း လျှောက်လဲတင်ပြသည်။

ရုံးတော်သဟာယအဖြစ် ပြည်ထောင်စုရှေ့နေချုပ်ကိုယ်စား ညွှန်ကြားရေးမှူးချုပ်က လျှောက်လဲတင်ပြသည်မှာ "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် အသက် (၁၈) နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်" ဟူသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က) ပါရှိသည့် ပြဋ္ဌာန်းချက်ကို ပြည်ထောင်စုလွှတ်တော်မှ ၂-၂-၂၀၁၅ ရက်နေ့တွင် အတည်ပြုဆုံးဖြတ်ခဲ့ပြီး ၁၀-၂-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ကြောင်း၊ ယာယီသက်သေခံလက်မှတ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးက ၁၁-၂-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၅) ဖြင့် ယာယီသက်သေခံလက်မှတ်သက်တမ်းသတ်မှတ်ခြင်းနှင့် သက်တမ်းကုန်ဆုံးသည့်လက်မှတ်များအပ်နှံရေးအစီအစဉ် ထုတ်ပြန်ကြေညာရာတွင် ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးအက်ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်နှင့် ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးနည်းဥပဒေများ နည်းဥပဒေ ၁၃ နည်းဥပဒေခွဲ (၃) ပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူအချို့သို့ လိုအပ်ချက်အရ ကိုင်ဆောင်ရန် ယာယီသက်သေခံလက်မှတ်များအား ထုတ်ပေးခဲ့ကြောင်းလျှောက်လဲသည်။

ထို့နောက် ဆက်လက်လျှောက်လဲရာတွင် ယခုအခါ မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းစဉ်အား မိုးပွင့်အထူးစီမံချက်ဖြင့် အရှိန်မြှင့်ဆောင်ရွက်နေပြီဖြစ်၍ ယာယီသက်သေခံလက်မှတ်များ၏ သက်တမ်းကုန်ဆုံးသည့်နေ့ရက်ကို ၃၁-၃-၂၀၁၅ ဟုသတ်မှတ်ကြောင်း၊ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများသည် ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများ နည်းဥပဒေ ၁၃ နည်းဥပဒေခွဲ (၄) ပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ သက်တမ်းကုန်ဆုံးသည့် လက်မှတ်များအပ်နှံခြင်း၊ စိစစ်မှုခံယူခြင်းတို့ကို သက်ဆိုင်သည့်ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များကိုလိုက်နာ၍ နည်းလမ်းတကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သက်တမ်းကုန်ဆုံးသည့်လက်မှတ်များအပ်နှံခြင်းကို ၃၁-၅-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်ကိုတွေ့ရှိရပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၄-၃-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၁၀၀/၂(၄-၅) (၀၀၆၅)/လပနဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ပေးပို့သည့် သဘောထားပြန်ကြားစာတွင် ယာယီသက်သေခံလက်မှတ်နှင့် စပ်လျဉ်း၍ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများ နည်းဥပဒေ ၂ နည်းဥပဒေခွဲ (င) အရ ယာယီသက်သေခံလက်မှတ်ဆိုသည်မှာ သက်သေခံကတ်ပြားအစား ထုတ်ပေး၍ သတ်မှတ်ထားသောကာလ အပိုင်းအခြားအတွက်သာလျှင် အတည်ဖြစ်ပြီး မည်သူဖြစ်ကြောင်း သက်သေခံလက်မှတ်ကို ဆိုလိုခြင်းဖြစ်ကြောင်း၊ ယင်းနည်းဥပဒေ ၁၃ နည်းဥပဒေခွဲ (၁) (ဂ) တွင် "မှတ်ပုံတင်အရာရှိချုပ်က ယေဘုယျသို့တည်းမဟုတ် အထူးအမိန့်ဖြင့် သီးခြားဖော်ပြသည့် အခြားအကြောင်းများရှိလျှင် စာရင်းထိန်းက ယာယီသက်သေခံလက်မှတ်များကို ထုတ်ပေးနိုင်သည်" ဟူသော ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများအနက် မည်သည့်ကတ်ပြားမျှ ကိုင်ဆောင်ထားခြင်းမရှိသူများ၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရန်ကျန်ရှိနေသူများ၊ နိုင်ငံသားစိစစ်ရာတွင် အထောက်အထား မပြည့်စုံမှုကြောင့် နိုင်ငံသားအရည်အချင်းစိစစ်၍မရသေးသူများနှင့် ၁၉၄၈ ခုနှစ်၊ နိုင်ငံခြားသားမှတ်ပုံတင်ရေးနည်းဥပဒေအရ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ရန် အကျုံးမဝင်သူများကို မြန်မာနိုင်ငံအတွင်းနေထိုင်သူများဖြစ်ကြောင်း သက်သေခံအဖြစ် ယာယီသက်သေခံလက်မှတ်အား ထုတ်ပေးထားခြင်းဖြစ်၍ ဥပဒေနှင့်အညီ ထုတ်ပေးထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတရုံး၏ ၁၁-၂-၂၀၁၅ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၁၉/၂၀၁၅ ဖြင့် ယာယီသက်သေခံလက်မှတ်သက်တမ်းသတ်မှတ်ခြင်းနှင့် သက်တမ်းကုန်ဆုံးသည့် လက်မှတ်များအပ်နှံရေးအစီအစဉ်အားထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ထိုသို့ သက်တမ်းကုန်ဆုံးသည့် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူများသည် တည်ဆဲဥပဒေများနှင့်အညီ လက်မှတ်အားပြန်လည်အပ်နှံပြီးပါက ၎င်းတို့၏ဆန္ဒဖြင့် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်ပေးရန်လျှောက်ထားခွင့်ရှိပြီး မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ် ရရှိမည်ဖြစ်ကြောင်း၊ ယာယီသက်သေခံလက်မှတ်သည် တည်ဆဲနည်းဥပဒေဖြစ်သော ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူဖြစ်ကြောင်း သက်သေခံအဖြစ်ထုတ်ပေးထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်မှု ခံယူပြီးမှသာ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် သတ်မှတ်နိုင်မည်ဖြစ်ကြောင်း ပြန်ကြားထားသည်ကို တွေ့ရပါကြောင်း လျှောက်လဲသည်။

ဆက်လက်၍ ယာယီသက်သေခံလက်မှတ်ကိုင်ထားသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၂ ပုဒ်မခွဲ (က) မှ (ဃ) အထိ ဖော်ပြထားသူများတွင် မပါရှိခြင်းနှင့် ပုဒ်မခွဲ (င) ပါ တည်ဆဲရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအသီးသီးတွင် တားမြစ်ခံရသူများ မဟုတ်ကြောင်း ယင်းဥပဒေအသီးသီးတွင် မဲပေးပိုင်ခွင့်ရှိသူများအဖြစ် ဖော်ပြချက်အရ ထင်ရှားခြင်းတို့ကြောင့် "ဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ" ဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၁ ပုဒ်မခွဲ (က) တွင် "ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့ရက်၌ အသက် ၁၈ နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်" ဟုပြဋ္ဌာန်းထားပြီး ပုဒ်မ ၃၉၂ ပုဒ်မခွဲ (က) မှ (င) အထိတွင် ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရသည့် ပုဂ္ဂိုလ်များကို ဖော်ပြပြဋ္ဌာန်းထားရာ ယင်းပုဂ္ဂိုလ်များမှာ သာသနာ့ဝန်ထမ်းများ၊ ထောင်ဒဏ်ကျခံနေရသူများ၊ စိတ်ပေါ့သွပ်နေသည်ဟုသက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်း ခံရသူများ၊ လူမွဲအဖြစ်ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများနှင့်ရွေးကောက်တင်မြှောက်ခြင်း ဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူများဟူ၍ တွေ့ရှိရပါကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်များအရ ရွေးကောက်ပွဲ စတင်ကျင်းပသည့် နေ့ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးသော ဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်သော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားနှင့်ဥပဒေအရဆန္ဒမဲပေးခွင့်ရှိသူတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသောကြောင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကိုပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (က) ပါ "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်" ဟူသော ပြဋ္ဌာန်းချက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ခြင်းမရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု မဆိုနိုင်ကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကိုပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က) ပါ "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်ထားသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်" ဟူသော ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု မဆိုနိုင်ပါကြောင်း လျှောက်လဲတင်ပြသည်။

တင်သွင်းလွှာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က)တွင် ပါရှိသော "ယာယီသက်သေခံလက်မှတ် ကိုင်ဆောင် ထားသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်" ဟူသောပြဋ္ဌာန်းချက်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီညွတ်မှုရှိ မရှိ အနက်အဓိပ္ပာယ်ဖွင့်ဆို၊ ဆုံးဖြတ်ပေးပါရန် ဖော်ပြထားပါသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ပြင်ဆင်မည့်ဥပဒေကြမ်းမှာ လက်ရှိနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်သည်။ ဖော်ပြပါ ဥပဒေအရ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တာဝန်ယူ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း တွေ့ရှိရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက်မှသာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက် ကျော်ဆန္ဒမဲဖြင့် ပြင်ဆင်မည့် အကြောင်းအရာများကို ဆန္ဒမဲခံယူမည့်လုပ်ငန်းစဉ် ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတော်အချုပ်အခြာအာဏာ ခက်မသုံးဖြာ၏ မူဘောင်နှင့် လုပ်ငန်း တာဝန်များကို ခင်းကျင်းပြသသော၊ ထို့အပြင် ထိုခက်မသုံးဖြာအတွင်းလည်းကောင်း၊ ခက်မသုံးဖြာနှင့် ပြည်သူများ အကြားလည်းကောင်း ဆက်သွယ်ဆောင်ရွက်ရာ၌ လိုက်နာရမည့်အခြေခံမူများကို အတိအလင်းထုတ်ဖော် ကြေညာသောပင်မအခြေခံဥပဒေဖြစ်သည်။ နိုင်ငံတော်၏အချုပ်အခြာခိုင်မာမှုကို ပြသသည့်နိုင်ငံရေးပုံသဏ္ဌာန်လည်း ဖြစ်ရာ ဤကဲ့သို့သောဝိသေသများရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ရေးလုပ်ငန်းစဉ်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်စိုးမှုအတွက် အလွန်အရေးကြီးသော လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်း မြင်သာသည်။

သို့ဖြစ်သည့်အလျောက် ဆန္ဒမဲပေးခွင့်နှင့် စပ်လျဉ်းသည့် ဥပဒေပြဋ္ဌာန်းချက်များကို အထောက်အထား ပြုရန်လိုမည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) ပုဒ်မ ၄ တွင် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်"

ဟုလည်းကောင်း၊ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၃၈ ပုဒ်မခွဲ (က) တွင် "နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၉) ရွေးကောက်တင်မြှောက်ခြင်းအပိုင်း ပုဒ်မ ၃၉၁ ပုဒ်မခွဲ (က) တွင် "ရွေးကောက်ပွဲစတင်ကျင်းပသည့် နေ့ရက်၌ အသက် ၁၈ နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူ မဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည်" ဟု လည်းကောင်း၊ ပုဒ်မခွဲ (ခ) တွင် "ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ် တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။

အထက်ပါပြဋ္ဌာန်းချက်များအရ ဆန္ဒမဲပေးခွင့်ဆိုသည့်စကားရပ်တွင် ဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်သော ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားအပြင် ဆန္ဒမဲပေးခွင့်ရှိသူအဖြစ် ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ပေးခံရသူလည်းပါဝင်သည်ဟု အဓိပ္ပာယ်သက်ရောက်သည်။ သို့ရာတွင် ယင်းသို့ဥပဒေအရပြဋ္ဌာန်းသတ်မှတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၏ မူသဘောများနှင့် ကိုက်ညီရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့်သက်ဆိုင်သော ဆန္ဒမဲပေးခွင့်ကို သတ်မှတ်ရာတွင် နိုင်ငံသား အရည်အချင်းရှိ မရှိနှင့်အတူ အခြားသောအရည်အချင်း သတ်မှတ်ချက်များနှင့်ပြည့်စုံမှု ရှိ မရှိကိုပါ ထည့်သွင်း သတ်မှတ်လေ့ရှိကြသည်။ နိုင်ငံသားဖြစ်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၅ တွင် "အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ" ဟု လည်းကောင်း၊ ပုဒ်မ ၃၄၆ တွင် "နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့သည် ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်" ဟု လည်းကောင်း ပြဋ္ဌာန်းထားကြောင်း တွေ့ရသည်။ နိုင်ငံသား ဖြစ်ခြင်း၊ ဧည့်နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်းတို့ဆောင်ရွက်ပုံနှင့် အခွင့်အာဏာများကို မြန်မာနိုင်ငံသားဥပဒေ (၁၉၈၂) ဖြင့် ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည်။

မြန်မာနိုင်ငံသားဥပဒေ (၁၉၈၂) တွင် ဧည့်နိုင်ငံသားအဖြစ် ဗဟိုအဖွဲ့က သတ်မှတ်သူသည် ပုဒ်မ ၂၄ အရလည်းကောင်း၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် ဗဟိုအဖွဲ့က သတ်မှတ်သူသည် ပုဒ်မ ၄၆ (က) အရလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သတ်မှတ်သည့် အဖွဲ့အစည်းရှေ့မှောက်တွင် နိုင်ငံတော်၏ သစ္စာကိုခံယူမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ဥပဒေကို ရိုသေလိုက်နာမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသောတာဝန်နှင့် အခွင့်အရေးများကိုသိရှိကြောင်း ကိုယ်တိုင်စာဖြင့်ရေးသားကတိသစ္စာပြုရသည်။ ထို့ပြင် ထိုဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသည် ထိုစဉ်ကနိုင်ငံတော်ကောင်စီ (ယခုအခါ နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စု အစိုးရအဖွဲ့) က အခါအားလျော်စွာသတ်မှတ်သည့်အခွင့်အရေးများမှအပ နိုင်ငံတော်၏ဥပဒေပါ နိုင်ငံသားအခွင့် အရေးများကို ခံစားခွင့်ရှိကြောင်း၊ ယင်းဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၅၃ ပုဒ်မခွဲ (ဂ) တို့တွင် ပြဋ္ဌာန်းထား သည်ကို တွေ့ရှိရသည်။ ၎င်းတို့၏ အခွင့်အရေးကို နိုင်ငံတော်ကောင်စီ (ယခုအခါ နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့) က အခါအားလျော်စွာ သတ်မှတ်ခွင့်ရှိကြောင်း တွေ့ရှိရသည်။

ယခုတင်သွင်းလွှာပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (က) တွင်ပါရှိသော "ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူ" ဆိုသည်မှာ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများ နည်းဥပဒေ ၂ (င) အရ သက်သေခံကတ်ပြားအစား ထုတ်ပေး၍ သတ်မှတ်ထားသည့်ကာလအပိုင်းအခြားအတွက်သာလျှင် အတည်ဖြစ်သောမည်သူဖြစ်ကြောင်း သက်သေခံလက်မှတ် ကိုင်ဆောင်ထားသူသာဖြစ်သည်။ မှတ်ပုံတင်အရာရှိချုပ်က နည်းဥပဒေ ၁၃ နည်းဥပဒေခွဲ (၁) (ဂ) တွင် ပေးထားသော အာဏာအရ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများအနက် မည်သည့်ကတ်ပြားမျှ ကိုင်ဆောင်ထားခြင်းမရှိသူများ၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရန်ကျန်ရှိနေသူများ၊ နိုင်ငံသား စိစစ်ရာတွင် အထောက်အထားမပြည့်စုံမှုကြောင့် နိုင်ငံသားအရည်အချင်းစိစစ်၍ မရသေးသူများနှင့် ၁၉၄၈ ခုနှစ်၊ နိုင်ငံခြားသားများ မှတ်ပုံတင်ရေးနည်းဥပဒေအရ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ရန် အကျုံးမဝင်သူများကို မြန်မာနိုင်ငံအတွင်း နေထိုင်သူများဖြစ်ကြောင်း သက်သေခံအဖြစ် ယာယီထုတ်ပေး ထားခြင်းသာဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တင်ပြထားသည်။

ထုတ်ပေးထားသော ယာယီသက်သေခံလက်မှတ် သက်တမ်းသတ်မှတ်ခြင်းနှင့်သက်တမ်းကုန်ဆုံးသည့် လက်မှတ်များ အပ်နှံရေးအစီအစဉ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံးက အမိန့်ကြော်ငြာစာ အမှတ်၊ ၁၉/၂၀၁၅ ဖြင့် ၁၁-၂-၂၀၁၅ နေ့က ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းကြေညာချက်တွင် လက်ရှိ ထုတ်ပေးထားသည့် ယာယီသက်သေခံလက်မှတ်များသည် ၃၁-၃-၂၀၁၅ နေ့တွင် သက်တမ်းကုန်ဆုံးပြီးဖြစ်ရာ ၃၁-၅-၂၀၁၅ နေ့ကို နောက်ဆုံးထား၍ သက်တမ်းကုန်သက်သေခံလက်မှတ်များအပ်နှံခြင်း၊ စိစစ်မှုခံယူခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်းထည့်သွင်းကြေညာထားသည်။ သို့ဖြစ်ရာ ယာယီအစီအစဉ်ဖြင့်ရပ်တည်ခွင့်ပေးထားသော အဆိုပါ ယာယီသက်သေခံလက်မှတ်မှာလည်း အထက်ပါအမိန့်ကြော်ငြာစာအရ သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်၍ တရားဝင်ရပ်တည်ခွင့် (Validity) ပျက်ပြယ်ပြီးဖြစ်သည့်အတွက် ယင်းယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်သူအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူအဖြစ် ဥပဒေတွင်ဖော်ပြထားသော ပြဋ္ဌာန်းချက်မှာ အကျိုးသက်ရောက်မှုရှိတော့မည်မဟုတ်ပေ။

သို့ဖြစ်၍ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးနည်းဥပဒေများ နည်းဥပဒေ ၁၃ နည်းဥပဒေခွဲ (၃) အရ ထုတ်ပေးထားသည့် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူဆိုသည်မှာ စိစစ်မှုခံယူရဦးမည့်သူများသာဖြစ်ပြီး မည်သည့်သက်သေခံ လက်မှတ်အမျိုးအစားခံစားထိုက်သူဖြစ်ကြောင်း မပေါ်ပေါက်သေးသည့်အတွက် ယင်းတို့အား ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် “ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများ” နှင့်အဆင့်တူ ဆန္ဒမဲပေးခွင့်ပြုလိုက်မည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၉၁ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းနေမည်ဖြစ်သည်။

အထက်ဖော်ပြခဲ့သော သုံးသပ်ချက်များအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကိုပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က) တွင် ပါရှိသော “ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်” ဟူသော ပြဋ္ဌာန်းချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိဟု သဘောရရှိကြောင်း ဖြေကြားဆုံးဖြတ်သည်။

(ပုံ) မြသိန်း
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ ရက် )

အမှတ် ၃၁ ။ ။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ဖွဲ့စည်းပုံကို ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခြင်းကြောင့် ဖျက်သိမ်းလိုက်သည့် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါအရာထမ်း (၂၂) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| **စဉ်** | **အမည်၊ လက်ရှိရာထူး၊ နေရာ၊ လစာနှုန်း** | **ပြောင်းရွှေ့တာဝန်ချထားသည့် ရာထူး၊ နေရာ၊ လစာနှုန်း** |
|---|---|---|
| (၁) | ဦးကျော်ဇင်သန့်<br>ညွှန်ကြားရေးမှူး<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |

| စဉ် | အမည်၊ လက်ရှိရာထူး၊ နေရာ၊ လစာနှုန်း | ပြောင်းရွှေ့တာဝန်ချထားသည့် ရာထူး၊ နေရာ၊ လစာနှုန်း |
|---|---|---|
| (၂) | ဦးဝင်းသူ<br>ညွှန်ကြားရေးမှူး<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၃) | ဒေါ်ခင်မာသီ<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၄) | ဦးရဲလင်းမြင့်<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၅) | ဦးငွေးလွင်<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၆) | ဦးဟန်ဝင်းအောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၇) | ဦးခိုင်လင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၈) | ဦးခင်မောင်ကြည်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၉) | ဦးကျော်မျိုးနိုင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၁၀) | ဦးကျော်မျိုးဦး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၁၁) | ဦးသိန်းထိုက်ဝင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |

| စဉ် | အမည်၊ လက်ရှိရာထူး၊ နေရာ၊ လစာနှုန်း | ပြောင်းရွှေ့တာဝန်ချထားသည့် ရာထူး၊ နေရာ၊ လစာနှုန်း |
|---|---|---|
| (၁၂) | ဦးမြင့်မောင်မောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၁၃) | ဦးကျော်ဇေယျ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၁၄) | ဦးရဲလင်း<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၁၅) | ဦးမိုးစည်သူ<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၁၆) | ဒေါ်ခင်ဌေးမြင့်<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၁၇) | ဦးဇာနည်စံ<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၁၈) | ဒေါ်စိန်စိန်ဝင်း<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၁၉) | ဒေါ်ခင်သူဇာ<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၂၀) | ဒေါ်ငယ်ငယ်ထွန်း<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၂၁) | ဦးမင်းသူဝင်း<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
| (၂၂) | ဒေါ်သီတာကျင်<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး |

## (ဝန်ကြီးရုံး)

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၇ ရက် )

အမှတ် ၃၂။ ။ ၂၀၁၅ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အောက်ဖော်ပြပါအရာထမ်း (၂) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၅ ခုနှစ်၊ မေလ ၇ ရက်နေ့နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ နေရာ၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ နေရာ၊ လစာနှုန်း |
|---|---|---|
| ၁။ | ဦးမျိုးမြင့်အောင်<br>ညွှန်ကြားရေးမှူး (ရုပ်မြင်)<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀)<br>ရုပ်မြင်သံကြားဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| ၂။ | ဒေါ်မိုးသူဇာအောင်<br>ဒုတိယညွှန်ကြားရေးမှူး (ရုပ်မြင်)<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>ရုပ်မြင်သံကြားဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ညွှန်ကြားရေးမှူး (ရုပ်မြင်)<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀)<br>ရုပ်မြင်သံကြားဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |

အမှတ် ၃၃ ။ ။ ၂၀၁၅ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ဦးသိန်းဌေးအား ၎င်း၏မိသားစုစီးပွားရေးလုပ်ငန်းများအား ဦးဆောင်ဦးရွက်ပြုရန်အတွက် ကိုယ်တိုင်ဆန္ဒပြုချက်အရ ၂၀၁၅ ခုနှစ်၊ မေလ ၆ ရက်နေ့မှစ၍ ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၃၄။ ။ ၂၀၁၅ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၅) မှ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ ရခိုင်ပြည်နယ်၊ (ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး) လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဦးကျော်ဇေယျအား ကိုယ်ကျိုးအတွက် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလုပ်နေသဖြင့် ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ စိစစ်တွေ့ရှိချက်အရ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးမှ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးသို့ ၂၀၁၅ ခုနှစ်၊ မေလ ၇ ရက်နေ့နံနက်ပိုင်းမှစ၍ (၂) နှစ်လျှော့ချလိုက်သည်။

အမှတ် ၃၅။ ။ မူလရာထူးဖြစ်သည့် လက်ထောက်ညွှန်ကြားရေးမှူးရာထူးသို့ ပြန်လည်ခန့်ထားသည့်အခါ ရာထူးလျှော့ချသည့် ကာလအတွင်းရရန်ရှိသော နှစ်တိုးလစာများရွှေ့သွားစေခြင်းမရှိစေရ။

ရဲထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၅**

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက် )

**အရေးပေါ် လူနာတင်ယာဉ်အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ချက်များသတ်မှတ်ခြင်း**

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့သည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဈ)နှင့် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတွင် အရေးပေါ်လူနာတင်ယာဉ်အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို သတ်မှတ်လိုက်သည် -

(က) အခြေခံအဆင့် လူနာတင်ယာဉ် (Basic ambulance) တွင် နောက်ဆက်တွဲ (က) ပါ ဆေးဝါး ကိရိယာများပါဝင်ရမည်။

( ခ ) စံညွှန်းမီလူနာတင်ယာဉ် (Standard ambulance) တွင် နောက်ဆက်တွဲ (ခ) ပါဆေးဝါးကိရိယာများ ပါဝင်ရမည်။

( ဂ ) အဆင့်မြင့်လူနာတင်ယာဉ် (Advanced ambulance) တွင် နောက်ဆက်တွဲ (ဂ) ပါဆေးဝါး ကိရိယာများ ပါဝင်ရမည်။

(ဃ) လူနာတင်ယာဉ်တွင် သက်တမ်းရှိသော ယာဉ်မှတ်ပုံတင်ရှိရမည်။

( င ) လုပ်ငန်းဆောင်ရွက်ရာတွင် လူနာတင်ယာဉ်သည် တည်ဆဲယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများကို လိုက်နာရမည်။

( စ ) အရေးပေါ် လူနာသယ်ယူပို့ဆောင်ခြင်းနှင့် သက်ဆိုင်မှုမရှိလျှင် အရေးပေါ်ဥဩသံနှင့် အချက်ပြ မီးများကို သုံးစွဲခြင်းမပြုရ။

(ဆ) လူနာတင်ယာဉ်များအား သီးခြားတာဝန်ပေးခြင်းမရှိလျှင် လူနာသယ်ယူပို့ဆောင်ခြင်းမှအပ အခြား အသုံးမပြုရ။

( ဇ ) လူနာတင်ယာဉ်ဖြင့် လိုက်ပါဆောင်ရွက်သူများသည် အောက်ပါရှေးဦးသူနာပြုစုနည်းအခြေခံ အသက်ကယ်နည်းများဖြင့် လူနာကို ကူညီပြုစုနိုင်သည် -

(၁) အောက်စီဂျင်ပေးခြင်း (oxygen)၊
(၂) အသက်ရှူအားကူခြင်း (airway and breathing)၊
(၃) သွေးတိတ်အောင်ပြုလုပ်ခြင်း (bleeding control)၊
(၄) အရိုးကျိုးလူနာတွင် ကျပ်စည်းခြင်း (fracture splintage)၊
(၅) ချွဲစုပ်စက် အသုံးပြုခြင်း (suction)၊
(၆) လည်ပတ်ကော်လာအသုံးပြုခြင်း (cervical collar)၊
(၇) နှလုံးနှိုးဆွခြင်း (cardio-pulmonary resuscitation)။

(ဈ) လူနာတင်ယာဉ်ဖြင့် လိုက်ပါဆောင်ရွက်သူများသည် အရေးပေါ်အသက်ကယ်နည်း သင်တန်း တက်ရောက်ပြီးသူ သို့မဟုတ် ဆရာဝန်၊ သူနာပြုဖြစ်ပါက အပိုဒ် ၈ (က) ပါအချက်များအပြင် ဖော်ပြပါ နည်းလမ်းများဖြင့်လည်း ပြုစုကုသနိုင်သည် -

(၁) အသက်ရှူလမ်းကြောင်းဖွင့် ကိရိယာများအသုံးပြုခြင်း (assisted and advanced airway)၊
(၂) သွေးပြန်ကြောတွင်း ဆေးသွင်းကုသခြင်း (Intravenous therapy)၊
(၃) ဆေးထိုး၊ ဆေးတိုက်ခြင်း (injection and medications)၊
(၄) ဒဏ်ရာဆေးထည့်ခြင်း (wound management)၊
(၅) နှလုံးနှိုးဆွစက် အသုံးပြုခြင်း (use of defibrillation)။

(ည) လူနာတင်ယာဉ်ဖြင့် လိုက်ပါကူညီဆောင်ရွက်သူများသည် အထူးကုဆရာဝန် သို့မဟုတ် အရေးပေါ် ကုသမှုဆေးပညာဆရာဝန်ဖြစ်ပါက ၎င်းတို့၏ ဆေးပညာရပ်ပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များအတိုင်း ပြုစုကုသပေးနိုင်သည်။

ဒေါက်တာသန်းအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးဝန်ကြီးဌာန။

**နောက်ဆက်တွဲ (က)**

Necessary facilities for Basic Ambulance
(အခြေခံအဆင့် လူနာတင်ယာဉ်တွင် ပါဝင်ရမည့် ဆေးဝါးကိရိယာများ)

| စဉ် | ဆေးဝါးကိရိယာအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | Personal protective equipment (ကာကွယ်ရေးကိရိယာများ) | |
| | လက်အိတ် (Gloves) | ၁ ဗူး |
| | မျက်နှာဖုံး (Face mask) | ၁ ဗူး |
| | Protective eye wear (Google) | ၃ |
| | Reflective Jacket (ရောင်ပြန်အကျႌ) | ၃ |
| | Apron (ခါးစည်းပုဝါ) | ၅ |
| | Antiseptic soap solution (ပိုးသတ်လက်ဆေးဆပ်ပြာရည်) | ၂ ဗူး |
| | Sharp bin (ချွန်ထက်သောကိရိယာများဗူး) | ၁ |
| | Waste bin (အမှိုက်ပုံး) | ၁ |
| | Fire extinguisher (မီးသတ်ဆေးဗူး) | ၁ |
| ၂ | လူနာသယ်ယူပို့ဆောင်ရေးကိရိယာများ | |
| | Patient trolley | ၁ |
| | Spine board | ၁ |
| | Foldable wheelchair | ၁ |
| | Rigid cervical collar Large/Medium/Small | ၁ ခုစီ |
| | Head immobilizer | ၁ စုံ |
| ၃ | အသက်ရှုလမ်းကြောင်းဆိုင်ရာကိရိယာများ | |
| | Manual suction or electric suction machine | ၁ |
| | Oropharyngeal airway | ၅ |
| | Bag-Valve Mask (Adult and Child) | ၁ ခုစီ |
| | Oxygen cylinder with flow meter | ၁ |
| | Oxygen mask/nasal catheter | ၅ စုံ |
| ၄ | သွေးတိတ်ခြင်းဆိုင်ရာ ကိရိယာများ | |
| | Cotton bandages 4 inch | ၂၀ |
| | Cotton bandages 6 inch | ၂၀ |
| | Elastic bandages 4 inch | ၅ |
| | Elastic bandages 6 inch | ၅ |
| | Sterile gauzes | ၁ ထုပ် |
| ၅ | ကျပ်စည်းခြင်းဆိုင်ရာ ကိရိယာများ | |
| | Limb splintage devices | ၁ စုံစီ |
| | Triangular bandages | ၄ |
| ၆ | အခြား | |
| | Urinals and Bed pan | ၁ ခုစီ |
| | Emesis bowel | ၅ |
| | Antiseptic solution | ၁ ပုလင်း |

**နောက်ဆက်တွဲ (ခ)**

Necessary facilities for Standard Ambulance
(စံညွှန်းမီလူနာတင်ယာဉ်တွင်ပါဝင်ရမည့် ဆေးဝါးကိရိယာများ)

စံညွှန်းမီလူနာတင်ယာဉ်တွင် အခြေခံအဆင့် လူနာတင်ယာဉ်တွင် ပါရှိရမည့် နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော ကိရိယာများအပါအဝင် အောက်ပါကိရိယာများ ပါဝင်ရမည် -

| စဉ် | ဆေးဝါးကိရိယာအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | Magell Forceps | ၁ |
| ၂ | Laryngoscope | ၁ |
| ၃ | Stethoscope | ၁ |
| ၄ | Blood pressure Cuff | ၁ |
| ၅ | Endotracheal tubes (6.5/7/7.5) | ၃ ခုစီ |
| ၆ | IV cannular (20G/18G/16G) | ၅ ခုစီ |
| ၇ | Infusion Set/Blood set | ၅ ခုစီ |
| ၈ | Normal Saline 0.9% | ၅ လုံး |
| ၉ | Ringer Lactate solution | ၅ လုံး |
| ၁၀ | Alcohol Swabs | ၁ ဗူး |
| ၁၁ | Paper plaster/Tegaderm | ၁ ဗူး |
| ၁၂ | Tourniquet | ၁ |
| ၁၃ | Glucometer | ၁ |
| ၁၄ | Pulse oxymeter/simple monitor | ၁ |
| ၁၅ | Automatic External Defibrillator (AED) | ၁ |
| ၁၆ | Wound dressing set | ၁ စုံ |

**နောက်ဆက်တွဲ (ဂ)**

Necessary facilities for Advanced Ambulance
(အဆင့်မြင့် လူနာတင်ယာဉ်တွင်ပါဝင်ရမည့် ဆေးဝါးကိရိယာများ)

အဆင့်မြင့်လူနာတင်ယာဉ်တွင် အခြေခံအဆင့် လူနာတင်ယာဉ်နှင့်စံညွှန်းမီလူနာတင်ယာဉ်တွင်ပါရှိရမည့် နောက်ဆက်တွဲ (က) နှင့် (ခ) တွင်ပါဝင်သော ကိရိယာများအပြင် အောက်ပါကိရိယာများပါဝင်ရမည် -

| စဉ် | ဆေးဝါးကိရိယာအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | Patient monitor with attached ECG | ၁ |
| ၂ | Portable ventilator | ၁ |
| ၃ | Portable defibrillator | ၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဘဏ္ဍာရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
### အမိန့်ကြော်ငြာစာအမှတ် ၁၀၀၆/၂၀၁၅

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ ရက် )

**အစိုးရပစ္စည်းဝယ်ယူမှုစည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းပြုစုရေးကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း**

၁။ ကမ္ဘာ့ဘဏ်နှင့် ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစနစ်စီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Modernization of Public Finance Management Project-MPFM) ၏ နယ်ပယ်(၃) ဖြစ်သည့် ထိရောက်သည့် ဘတ်ဂျက်

အကောင်အထည်ဖော်မှုနှင့်အစီရင်ခံတင်ပြမှုနယ်ပယ်၏ဒုတိယလုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံ၏အစိုးရပစ္စည်းဝယ်ယူမှုစနစ်ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ပုံစံများဖြစ်စေရေးနှင့် အစိုးရပစ္စည်းဝယ်ယူမှုလုပ်ငန်းစဉ်များကို ပြည်ထောင်စုဝန်ကြီးဌာနများအကြား တစ်ပြေးညီဖြစ်စေရေးတို့အတွက် လက်ရှိ အစိုးရပစ္စည်းဝယ်ယူမှုစနစ်နှင့် ဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်ပြောင်းလဲရေးဆွဲခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အဆိုပါ MPFM စီမံကိန်းနှင့် စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်မှလာရောက်သည့် ပစ္စည်းဝယ်ယူမှုမစ်ရှင်နှင့် သမ္မတရုံးဝန်ကြီးဌာန (၃)၊ ပြည်ထောင်စုဝန်ကြီးတို့၏ ဆွေးနွေးညှိနှိုင်းသဘောတူညီချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြခဲ့ရာ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၅) မှ သဘောတူခဲ့ပါသဖြင့် အစိုးရပစ္စည်းဝယ်ယူမှု စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းပြုစုရေးကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ဒေါက်တာလင်းအောင် — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ဦးမောင်မောင်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ဘဏ္ဍာရေးဝန်ကြီးဌာန

(ဂ) ဦးကျော်လင်း — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဃ) ဦးတင်ထူး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(င) ဦးမောင်မောင်တင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(စ) ဦးလှမော်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဆ) ဦးမောင်မောင်ဝင်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ငွေတိုက်ဦးစီးဌာန
ဘဏ္ဍာရေးဝန်ကြီးဌာန

၃။ အစိုးရပစ္စည်းဝယ်ယူမှုစည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းပြုစုရေးကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အစိုးရဌာနအဖွဲ့အစည်းများမှ လက်ရှိဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးနှင့်ပစ္စည်းဝယ်ယူရေး လုပ်ငန်းစဉ်အဆင့်ဆင့်အား ဌာနအဖွဲ့အစည်းများမှ တောင်းခံ၍ တစ်ပြေးညီဖြစ်စေရန် လေ့လာဆန်းစစ်ခြင်း၊

(ခ) ရှင်းလင်းတိကျသော အစိုးရပစ္စည်းဝယ်ယူမှု မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊

(ဂ) အစိုးရပစ္စည်းဝယ်ယူမှု အဆင့်များအတွက် တိကျသည့်စည်းမျဉ်း လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းနှင့် နိုင်ငံတကာ စံချိန်မီတင်ဒါပုံစံများပြုစုခြင်း၊

(ဃ) အစိုးရပစ္စည်းဝယ်ယူမှုတွင်ပါဝင်သည့် တည်ဆောက်ရေးနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စာချုပ်ချုပ်ဆိုမှုများကို နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီစေရန် ဆောင်ရွက်ခြင်း၊

(င) မြန်မာနိုင်ငံ၏ အစိုးရပစ္စည်းဝယ်ယူမှုလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဌာနအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊

(စ) နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသည့် အစိုးရပစ္စည်းဝယ်ယူမှုဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအား လေ့လာခြင်း၊

(ဆ) ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လက်ရှိဆောင်ရွက်နေသည့် အစိုးရပစ္စည်းဝယ်ယူမှုလုပ်ငန်းစဉ်များမှ ကြုံတွေ့ရသည့် အခက်အခဲနှင့်စိန်ခေါ်မှုများအား ဖြေရှင်းဆောင်ရွက်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊

(ဇ) မြန်မာနိုင်ငံ၏ အမျိုးသားပစ္စည်းဝယ်ယူမှုဥပဒေ (National Procurement Law) ရေးဆွဲတင်ပြခြင်း။

ဝင်းရှိန်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဘဏ္ဍာရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

## တိုးမြှင့်လစာနှုန်းများအရ လစာသတ်မှတ်ရေး၊ နှစ်တိုး၊ ခွင့်လစာနှင့်ပင်စင်တွက်ချက် ခံစားခွင့်ပြုရေးတို့အတွက် လုပ်ဆောင်ရန် နည်းလမ်းများ

ရည်ညွှန်းချက်။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၅-၃-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၈၇၂/၂၀၁၅

အမှတ် ၁ ။ ။ ဘဏ္ဍာရေးဝန်ကြီးဌာနမှ အထက်ရည်ညွှန်းပါ အမိန့်ကြော်ငြာစာဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ လစာမှစ၍ အစိုးရဌာနများနှင့် အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအရ ခွင့်ပြုထားသော ရာထူးများ၌ တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို တိုးမြှင့်သတ်မှတ်ခဲ့ပြီးဖြစ်ရာ ထိုတိုးမြှင့်လစာနှုန်းထားများအရ ဝန်ထမ်းများ၏ လစာသတ်မှတ်ရေး၊ နှစ်တိုး၊ ခွင့်လစာ၊ ပင်စင်စသည်များ ခံစားခွင့်ပြုရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ကြပါရန် အကြောင်းကြားအပ်ပါသည်-

(က) **လစာသတ်မှတ်ရေး**

(၁) လက်ရှိလစာနှုန်းမှ တိုးမြှင့်လစာနှုန်းသို့ ကူးပြောင်းသတ်မှတ်ရာ၌ လက်ရှိလစာနှုန်းတွင် နှစ်တိုးကာလအရ ရရှိနေသည့် လစာအဆင့်နှင့် တူညီသော နှစ်တိုးကာလအတိုင်း နှစ်တိုး ခံစားခွင့်ပြုလျက် တိုးမြှင့်လစာနှုန်းတွင် လစာအဆင့် သတ်မှတ်ခံစားခွင့်ပြုရန် ဖြစ်ပါသည်။

ဥပမာ-လက်ရှိလစာနှုန်း ကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀ တွင်နှစ်တိုးမရရှိသေးလျှင် တိုးမြှင့်လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တွင် ကျပ် ၁၈၀၀၀၀ သတ်မှတ်ပေးရန်၊ နှစ်တိုးတစ်ကြိမ်ရရှိပြီးလျှင် တိုးမြှင့်လစာနှုန်းတွင် ကျပ် ၁၈၂၀၀၀ သတ်မှတ်ပေးရန်နှင့်နှစ်တိုးနှစ်ကြိမ်ရရှိပြီးလျှင် တိုးမြှင့်လစာနှုန်းတွင် ကျပ် ၁၈၄၀၀၀ သတ်မှတ်ပေးရန်ဖြစ်ပါသည်။

(၂) ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ နေ့တွင် ခေတ္တရာထူးချထားခြင်းခံရဆဲရှိနေသူများသည် ရာထူးချထားခြင်း ပြီးဆုံး၍ ယင်းရာထူးချကာလကို တာဝန်ထမ်းကာလအဖြစ် သတ်မှတ်ခွင့်ရရှိပါက တိုးမြှင့်လစာနှုန်းကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ နေ့မှစ၍ ခံစားခွင့်ရှိမည် ဖြစ်ပါသည်။

(၃) အငြိမ်းစားယူပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်နေသူများသည် ပင်စင်နှင့်ရာထူးလစာ နှစ်ရပ်ပေါင်းကို ခံစားမည်ဆိုပါက ပင်စင်လစာအပြင် လက်ရှိတာဝန်ထမ်းဆောင်နေသည့်ရာထူး၏လစာကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၇၂/၂၀၁၅ နှင့်အညီ တိုးမြှင့်လစာနှုန်းသစ်ဖြင့် ထုတ်ယူခွင့်ရှိပါသည်။ ရာထူးလစာကိုခံစားရာ၌ အပိုဒ် ၁ (ခ) ပါ နှစ်တိုးခံစားခွင့်များအတိုင်း ခံစားရန်ဖြစ်ပါသည်။ ပြန်လည်ထမ်းဆောင်သည့် ရာထူးမှအငြိမ်းစားယူသည့်အခါ ယခင်အငြိမ်းစားယူခဲ့ပြီးသော လုပ်သက်နှင့် ပြန်လည်တာဝန်ထမ်းဆောင်သော လုပ်သက်ကို ပေါင်းစပ်ခွင့်မပြုပါ။ ပြန်လည်တာဝန်ထမ်းဆောင်သည့် လုပ်သက်အတွက်သာ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၇၂/၂၀၁၅ အရ သီးခြားပင်စင် အကျိုးခံစားခွင့်ပြုရန်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ နေ့တွင် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် သို့မဟုတ် ငြင်းပယ်ခွင့် ခံစားဆဲရှိနေသူများ အပါအဝင် ခံစားခွင့်ပြုရန် ဖြစ်ပါသည်။

(ခ) **နှစ်တိုး။** လက်ရှိလစာနှုန်းမှ တိုးမြှင့်လစာနှုန်းသို့ ပြောင်းလဲသွားသည့်အခါ နှစ်တိုးများကို လက်ရှိလစာနှုန်းအရ နှစ်တိုးကာလများအတိုင်း နှစ်တိုးဆက်လက်ခံစားခွင့်ပြုရန် ဖြစ်ပါသည်။ တိုးမြှင့်လစာနှုန်းသို့ ပြောင်းလဲမှုကြောင့် နှစ်တိုးကျရောက်သည့်နေ့များ ပြောင်းလဲသွားခြင်း မရှိစေရ။ နှစ်တိုးများကို ၂ နှစ်လျှင် တစ်ကြိမ်ခံစားခွင့်ပြုရန် ဖြစ်ပါသည်။ လက်ရှိ လစာနှုန်းတွင် နှစ်တိုးရေတွက်ခွင့်ရှိသည့်ကာလကို တိုးမြှင့်လစာနှုန်းအရ ခံစားခွင့်ရှိသော နှစ်တိုးခံစားခွင့်ကာလအဖြစ် ရေတွက်ရမည်။

ဥပမာ-၁။ လက်ရှိလစာနှုန်း ကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀ တွင် ၂၀၁၃ ခုနှစ်၊ မေလ ၁၅ နေ့၌ နှစ်တိုးစေ့ရောက်၍ ကျပ် ၁၀၀၀၀၀ ရရှိနေလျှင် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ နေ့၌ တိုးမြှင့်လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တွင် ကျပ် ၁၈၂၀၀၀ သတ်မှတ်ပေးရန်ဖြစ်ပါသည်။ နောက်တစ်ကြိမ်နှစ်တိုးကို ၂၀၁၅ ခုနှစ်၊ မေလ ၁၅ နေ့၌ ခံစားခွင့်ရှိပါသည်။

ဥပမာ-၂။ လက်ရှိလစာနှုန်းတွင် နှစ်တိုးစေ့ရောက်မည့်နေ့သည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ နေ့ဖြစ်ခဲ့လျှင် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ နေ့၌ လက်ရှိလစာနှုန်း၏ နှစ်တိုးကိုပေါင်းထည့်ပြီးမှ တိုးမြှင့်လစာနှုန်းသို့ ကူးပြောင်းရန် ဖြစ်ပါသည်။ သို့ပါ၍ လက်ရှိလစာနှုန်း ကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀ တွင် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ နေ့၌ ကျပ် ၁၀၀၀၀၀ ရရှိနေပြီး ယင်းနေ့တွင် ဒုတိယအကြိမ် နှစ်တိုးစေ့ရောက်ပါက တိုးမြှင့်လစာနှုန်းတွင် ကျပ် ၁၈၄၀၀၀ သတ်မှတ်ပေးရန် ဖြစ်ပါသည်။

မှတ်ချက်။ ။အငြိမ်းစားယူပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်သည့်အချိန်၌ ရာထူးလစာတစ်ခုတည်းကိုသာရွေးချယ်ခဲ့သူများနှင့် အထက်အပိုဒ် ၁ (က) (၃) ၌ပါရှိသူများသည်လည်း အထက်ပါနည်းလမ်းများအတိုင်းနှစ်တိုးခံစားခွင့်ရှိပါသည်။

(ဂ) **ခွင့်လစာ။** တည်ဆဲမူလအခြေခံနည်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၌ မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ နေ့တွင် ခွင့် (အငြိမ်းစားယူရန်ကြိုတင်ပြင်ဆင်ခွင့် သို့မဟုတ် ငြင်းပယ်ခွင့်ခံစားနေသူများအပါအဝင်) ခံစားဆဲရှိနေသူများ၏ ခွင့်လစာကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ နေ့မှစ၍ ပျမ်းမျှလစာအစား တိုးမြှင့်လစာနှုန်းအရ ခံစားခွင့်ရှိမည့် လစာ (နှစ်တိုးအပါအဝင်) ကိုသာ အခြေခံ၍ ယင်းတို့၏ ခွင့်ကုန်ဆုံးသည့်နေ့အထိ အထူးကိစ္စတစ်ရပ်အနေဖြင့် ထုတ်ယူခွင့်ပြုရန် ဖြစ်ပါသည်။ ယင်းခွင့်ပြုချက်သည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ နေ့တွင် ခွင့် (အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် သို့မဟုတ် ငြင်းပယ်ခွင့်ခံစားနေသူများအပါအဝင်) ခံစားဆဲရှိနေသည့် ဝန်ထမ်းများအတွက်သာ ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ နေ့နောက်ပိုင်းမှ ခွင့် (အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် သို့မဟုတ် ငြင်းပယ်ခွင့်ခံစားသူများအပါအဝင်) ခံစားသူများ၏ ကိစ္စတွင် ခွင့်လစာကို တည်ဆဲ မူလအခြေခံနည်းဥပဒေအတိုင်းသာ တွက်ချက် ခံစားခွင့်ပြုရန် ဖြစ်ပါသည်။

(ဃ) **ပင်စင်။** ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ နေ့တွင် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် သို့မဟုတ် မူလအခြေခံနည်းဥပဒေအတွဲ ၁ အပိုဒ် ၈၆ (က) အရ ငြင်းပယ်ခွင့်ခံစားနေဆဲဝန်ထမ်းများအား ယင်းတို့၏ ပင်စင်တွက်ချက်ရန်အလို့ငှာ တည်ဆဲပင်စင်နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်စသည်များတွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ အကယ်၍ ထိုဝန်ထမ်းများသည် ခွင့်ကုန်ဆုံးသည့်နေ့၌ အလုပ်ဝတ္တရားများပြန်လည်ထမ်းဆောင်လျှင် တိုးမြှင့်လစာနှုန်းအရ ခံစားခွင့်ရှိမည့်လစာကို အမှန်တကယ် ထုတ်ယူရရှိသော နောက်ဆုံးထုတ်လစာအဖြစ် မှတ်ယူ၍ တွက်ချက်ခံစားခွင့်ပြုရန် ဖြစ်ပါသည်။

(င) **ဒေသစရိတ်သတ်မှတ်ရေး။** ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၅၈/၂၀၁၅ ဖြင့် လစာနှုန်းထားအလိုက် ဒေသစရိတ်နှုန်းထားများကို ယာယီအစီအစဉ်ဖြင့်သတ်မှတ်ခွင့်ပြုခဲ့ပါသည်။ ဒေသစရိတ်ခံစားခွင့်ရှိသူ ဝန်ထမ်းသည်ခွင့်ခံစားမည်ဆိုပါက ခွင့်လစာတွက်ချက်သည့်နည်းတူ ဒေသစရိတ်ကိုလည်းတွက်ချက်ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)၊
မောင်မောင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

## လူမှုဖူလုံရေးအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၁၄၁၉/၂၀၁၅)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၆ ရက် )

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် လူမှုဖူလုံရေးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီ၏ ပထမအကြိမ် (၁/၂၀၁၄) အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေ ပုဒ်မ ၉၁၊ ပုဒ်မခွဲ (က) နှင့် နည်းဥပဒေ (၂၀၇) တို့အရ မန္တလေးတိုင်းဒေသကြီး၊ လူမှုဖူလုံရေး အယူခံခုံအဖွဲ့အား အောက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးစိုးနိုင်<br>ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးဥပဒေအရာရှိ<br>မန္တလေးတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်သန်း<br>အထွေထွေအတွင်းရေးမှူး<br>ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း<br>(အလုပ်ရှင်ကိုယ်စားလှယ်) | အဖွဲ့ဝင် |
| (ဂ) | ဦးကြည်စိုးလင်း<br>အဆိုင်းခေါင်းဆောင် (လျှပ်စစ်ဌာန)<br>အေသုံးလုံးဘိလပ်မြေစက်ရုံ (ကျောက်ဆည်)<br>(အလုပ်သမားကိုယ်စားလှယ်) | အဖွဲ့ဝင် |

ဒေါ်ဝင်းမော်ထွန်း၊
ဥက္ကဋ္ဌ၊ လူမှုဖူလုံရေးအဖွဲ့၊
ဒုတိယဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက် ( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

အမှတ် ၁၅၀/၂၀၁၄ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | စိန်ခန့်ခွာလ် | ကြည်း | ၆၇၅၆၈ |

### (လေတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် )

အမှတ်စဉ် ၈/၂၀၁၄ ။ ။ အောက်ပါဗိုလ်လောင်းများအား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့မှ အစပြု၍ တပ်မတော် (လေ) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (လေ)**

**အထွေထွေဌာနခွဲ (လေသူရဲ)**

| | | | |
|---|---|---|---|
| (၁) | ရဲလင်းကျော် | လေ | ၄၀၂၉ |
| (၂) | နိုင်လင်းအောင် | လေ | ၄၀၃၀ |
| (၃) | အောင်စိုးသူ | လေ | ၄၀၃၁ |
| (၄) | ယဉ်မင်းအောင် | လေ | ၄၀၃၂ |
| (၅) | ဧရာဝင်း | လေ | ၄၀၃၃ |
| (၆) | အောင်ကြည်ဝင်း | လေ | ၄၀၃၄ |
| (၇) | မင်းမင်းထိုက် | လေ | ၄၀၃၅ |
| (၈) | ဇွဲရန်နိုင် | လေ | ၄၀၃၆ |
| (၉) | သော်လွင်မိုး | လေ | ၄၀၃၇ |
| (၁၀) | ထက်အောင်ရှိန်း | လေ | ၄၀၃၈ |
| (၁၁) | ရဲထွဋ်အောင် | လေ | ၄၀၃၉ |
| (၁၂) | နိုင်ထွန်းအောင် | လေ | ၄၀၄၀ |
| (၁၃) | နေလင်း | လေ | ၄၀၄၁ |

| | | | |
|---|---|---|---|
| (၁၄) | ဇော်ဇော်အောင် | လေ | ၄၀၄၂ |
| (၁၅) | မြင့်စိုး | လေ | ၄၀၄၃ |
| (၁၆) | အောင်ကျော်ဇေယျ | လေ | ၄၀၄၄ |
| (၁၇) | စိုင်းထက်အောင် | လေ | ၄၀၄၅ |
| (၁၈) | ကျော်ကောင်းစံ | လေ | ၄၀၄၆ |
| (၁၉) | ခိုင်လင်းထွန်း | လေ | ၄၀၄၇ |
| (၂၀) | ထွန်းထွန်း | လေ | ၄၀၄၈ |
| (၂၁) | သန်းစိုးငြိမ်း | လေ | ၄၀၄၉ |
| (၂၂) | အောင်မိုးဌေး | လေ | ၄၀၅၀ |
| (၂၃) | ရဲရင့်အောင် | လေ | ၄၀၅၁ |
| (၂၄) | ရဲထက် | လေ | ၄၀၅၂ |
| (၂၅) | အောင်သန့်ကျော် | လေ | ၄၀၅၃ |
| (၂၆) | ရဲဝင့်အောင် | လေ | ၄၀၅၄ |
| (၂၇) | နေမင်းကျော် | လေ | ၄၀၅၅ |
| (၂၈) | ဟိန်းသန့်ဇင် | လေ | ၄၀၅၆ |
| (၂၉) | စိုးသီဟအောင် | လေ | ၄၀၅၇ |

## (ကြည်းတပ်ဌာနခွဲ)

အမှတ် ၁၆၉/၂၀၁၄။ ။စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၆) မှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | ဇာနည် | ကြည်း | ၆၇၆၁၈ |
| (၂) | ကျော်စွာထက် | ကြည်း | ၆၇၆၁၉ |
| (၃) | ဝေမင်းထွန်း | ကြည်း | ၆၇၆၂၀ |
| (၄) | ကျော်ဇင်ဦး | ကြည်း | ၆၇၆၂၁ |
| (၅) | ဇော်မင်းခန့် | ကြည်း | ၆၇၆၂၂ |
| (၆) | ရဲထက်အောင် | ကြည်း | ၆၇၆၂၃ |
| (၇) | အောင်နိုင်ဝင်း | ကြည်း | ၆၇၆၂၄ |
| (၈) | နိုင်လင်းကျော် | ကြည်း | ၆၇၆၂၅ |
| (၉) | ရန်လင်းဇော် | ကြည်း | ၆၇၆၂၆ |
| (၁၀) | ကောင်းထက်ဇော် | ကြည်း | ၆၇၆၂၇ |
| (၁၁) | လင်းခန့်အောင် | ကြည်း | ၆၇၆၂၈ |
| (၁၂) | သန်းတိုးအောင် | ကြည်း | ၆၇၆၂၉ |
| (၁၃) | ကျော်ရဲအောင် | ကြည်း | ၆၇၆၃၀ |
| (၁၄) | ကျော်ဇင်ညွှန့် | ကြည်း | ၆၇၆၃၁ |
| (၁၅) | ထက်လင်းဦး | ကြည်း | ၆၇၆၃၂ |
| (၁၆) | ဇင်လင်းထွန်း | ကြည်း | ၆၇၆၃၃ |
| (၁၇) | ဘိုဘိုထွန်း | ကြည်း | ၆၇၆၃၄ |
| (၁၈) | ရဲထွဋ်နောင် | ကြည်း | ၆၇၆၃၅ |
| (၁၉) | ကောင်းထက်ဝေ | ကြည်း | ၆၇၆၃၆ |
| (၂၀) | ချစ်ဦး | ကြည်း | ၆၇၆၃၇ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက် ( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက် ) သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ဆန်းလျှပ်စစ် အင်ဂျင်နီယာ လုပ်ငန်းဝန်ဆောင်မှု ကုမ္ပဏီလီမိတက်**

**(Sun Electrical Engineering Services Company Limited)**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ဆန်းလျှပ်စစ် အင်ဂျင်နီယာလုပ်ငန်းဝန်ဆောင်မှု ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၉. ၅. ၂၀၁၅) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၉. ၆. ၂၀၁၅) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးချစ်ကိုကို
မန်နေးဂျင်းဒါရိုက်တာ
ဆန်းလျှပ်စစ်အင်ဂျင်နီယာလုပ်ငန်းဝန်ဆောင်မှု
ကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ကိုယ်စား

ဦးစိန်ကျော်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း-၅၀၇၁၁၇

## ဇော်ဂျီထိပ်တန်းသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်

## (Zawgyi Premier Transport Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ဇော်ဂျီထိပ်တန်းသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၀. ၅. ၂၀၁၅) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၀. ၆. ၂၀၁၅) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန်ကြေညာလိုက်ပါသည်။

ဦးသူရိန်မြင့်ရွှေ
မန်နေးဂျင်းဒါရိုက်တာ
ဇော်ဂျီထိပ်တန်းသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)
ဖုန်း- ၀၁-၅၂၈၅၃၄

ဦးစိန်ကျော်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း- ၀၁-၅၀၇၂၆၈

## အမေ့သားအုပ်စုရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

## (MOTHER'S SON GROUP TRADING CO.,LTD.)

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**အမေ့သားအုပ်စုရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (MOTHER'S SON GROUP TRADING CO.,LTD.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့ နံနက် (၁၀း၃၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် (၄၉၀) တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဒေါ်သန်းသန်းဆင့်
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Noble Furniture Co.Ltd**

အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (c) အရ

အပြီးသတ်နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှယ်ယာရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၃၀. ၆. ၂၀၁၅) နံနက် ၁၁း၀၀ နာရီတွင် အမှတ် (၃၁)၊ ရန်နိုင်ဆွေလမ်း၊ စက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ရှင်းလင်းဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

| | |
|---|---|
| Tin Tin | ဦးလူငွေ |
| Managing Director | [၅/ထခန (နိုင်) ၀၀၁၁၃၈] |
| Noble Furniture Co.Ltd | တရားလွှတ်တော်ရှေ့နေ |

**PRECIOUS TRADERS GROUP COMPANY LIMITED.**

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **PRECIOUS TRADERS GROUP COMPANY LIMITED.** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| KHIN MYO THAW | ဦးဇင်ဝေ |
| MANAGING DIRECTOR | B.COM, C.P.A |
| PRECIOUS TRADERS GROUP COMPANY LIMITED. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## ဆင်ညီနောင် ကုမ္ပဏီလီမိတက်

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င)

ဆင်ညီနောင်ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ အမှတ် (၂၃)၊ မင်းဇေယျာလမ်းနှင့် ချင်းတွင်း (၂) လမ်းထောင့်၊ ရွှေသံလွင်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ (၅. ၇. ၂၀၁၅) ရက်နေ့ နေ့လယ် (၁း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဒေါ်မာမာဝင်း
စာရင်းစစ်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## မြန်မာစီးပွားဆက် ခရီးသွားလာရေး ကုမ္ပဏီလီမိတက်
## (MYANMAR COMBIZ TRAVELS & TOURS CO.,LTD.)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာစီးပွားဆက် ခရီးသွားလာရေး ကုမ္ပဏီလီမိတက် (MYANMAR COMBIZ TRAVELS & TOURS CO.,LTD.)** အား (၁. ၆. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနွစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝင်းမောင်
Director
Myanmar Combiz Travels & Tours Co.,Ltd.

ဦးအီနွစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

**ဝိုင် - လင့် (ခ်) ဂရုပ် (ပ်) ကုမ္ပဏီလီမိတက်**

**(Y - LINK GROUP COMPANY LIMITED.)**

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဝိုင် - လင့် (ခ်) ဂရုပ် (ပ်) ကုမ္ပဏီလီမိတက် (Y - LINK GROUP COMPANY LIMITED.)** အား (၁. ၆. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးယိုကာလင်း(ခ)ဦးဘုန်းလွင်
Managing Director
Y - Link Co.,Ltd.

ဦးအီးနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၉၁/၅-၆-၂၀၁၅။